ကြေးမုံ
The Mirror

၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့၊ (17-2-2004) (၄၁၄၉)

ဓမ္မစရိယာ စ
တေံ မင်္ဂလ မုတ္တမံ။

ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်း ဒီဂရီကောလိပ်ဖွင့်ပွဲအခမ်းအနားတွင် ပင်မဆောင်ရှေ့၌ စုပေါင်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယခင်က တစ်နိုင်ငံလုံးတွင် တက္ကသိုလ်၊ ကောလိပ် ၃၂ခု ရှိခဲ့ရာမှ ယခုဆိုလျှင် ၁၅၄ခုအထိရှိလာ တက္ကသိုလ်၊ ကောလိပ်ကျောင်းသူကျောင်းသားပေါင်း ကိုးသိန်းနီးပါးခန့်အထိ မြင့်မားတိုးတက်လာနေပြီဖြစ် ဒေသအလိုက် အဆင့်မြင့်ပညာကို လက်လှမ်းတမီ သင်ကြားလိုသူများအတွက် အခွင့်အလမ်းပွင့်သွား

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မိုးညှင်းဒီဂရီကောလိပ်ဖွင့်ပွဲ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်းမြို့၌ တည်ဆောက်ပြီးစီးသွားသည့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) မိုးညှင်းဒီဂရီကောလိပ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက် စနာရီခွဲတွင် အဆိုပါ ဒီဂရီကောလိပ်၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၇-၂-၂၀၀၄
(အင်္ဂါနေ့)

အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး တစ်ကိုယ်ရေကျန်းမာမှု စောင့်ရှောက်ရေး အလေးထား

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကြိုးပမ်းဆောင်ရွက်မှုစွမ်းအားဖြင့် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းတည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်သော နိုင်ငံသူ၊ နိုင်ငံသားများက ကာယ၊ ဉာဏစွမ်းအားအလိုက် အင်ပြည့်အားပြည့် ပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်။

ထို့ကြောင့် နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေး၊ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးတို့ကို ဦးစားပေးလုပ်ငန်းတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ ဝေးလံခေါင်ဖျား နယ်စပ်ဒေသများအပါအဝင် တစ်နိုင်ငံလုံး၌ ကျန်းမာရေးစောင့်ရှောက်မှုများ တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့ပြင် ပြည်နယ်နှင့်တိုင်းများတွင် အထူးကုဆရာဝန်ကြီးများ ကုသပေးလျက်ရှိသည့် ခေတ်မီဆေးရုံကြီးများကို ထူထောင်ပေးထားနိုင်ပြီဖြစ်သည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကုသမှုလုပ်ငန်းအပြင် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိသည်။ ပြည်သူတိုင်း ကျန်းမာခြင်းသုခ ပြည့်စုံစွာရရှိစေရန် ဖန်တီးဖော်ဆောင်ရာ၌ ကျန်းမာရေးဌာန တစ်ခုတည်းသာမက ပြည်သူလူထုကပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် သတ္တမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့က ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် **ယခုသတ္တမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ်တွင် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများသာမက ရေအရင်းအမြစ်များ ကာကွယ်စောင့်ရှောက်ရေး၊ တစ်ကိုယ်ရေကျန်းမာမှု စောင့်ရှောက်ရေးတို့ကို အဓိကထားပြီး ဆောင်ရွက်သွားရမှာဖြစ်ကြောင်း** ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ၁၉၉၈ခုနှစ်မှစ၍ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်များကို အကောင် အထည်ဖော်ဆောင်ရွက်လာခဲ့သည်။ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်များ အကောင်အထည်မဖော်မီကာလက သန့်ရှင်းရေးလွှမ်းခြုံမှုမှာ ၄၆ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုအခါ ၉၀ ရာခိုင်နှုန်းအထိ နှစ်ဆခန့် တိုးမြင့်လာသည်ကိုတွေ့ရသည်။

ယခုသတ္တမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်၏ ရည်ရွယ်ချက်မှာ ၂၀၀၄ခုနှစ်ကုန်တွင် ပတ်ဝန်းကျင် သန့်ရှင်းရေးလွှမ်းခြုံမှု ၉၅ရာခိုင်နှုန်းရှိလာရန် ရည်မှန်းထားသည်။ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာခဲ့ရာ မသန့်ရှင်းသောရေနှင့် ပတ်ဝန်းကျင်တို့မှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါများ ဖြစ်ပွားမှုသိသာစွာ လျော့နည်းကျဆင်းလာခဲ့ကြောင်း သိရသည်။

ကျန်းမာရေး လုပ်ငန်းများသည် ပြည်သူလူထုအားလုံးနှင့် သက်ဆိုင်သည့်အတွက် ပြည်သူများကိုယ်တိုင်က မိမိတို့၏ ကျန်းမာရေးအတွက် အကောင်းဆုံးဖြစ်စေမည့် လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြရန် လိုအပ်သည်။ အထူးသဖြင့် အစားအစာသန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေကောင်းရေသန့် ရရှိရေးလုပ်ငန်းများတွင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတိုင်းက လူထုလှုပ်ရှားမှုအသွင်ဖြင့် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိသည်နှင့်အညီ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများအားလုံးကလည်း အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေကျန်းမာမှု စောင့်ရှောက်ရေးလုပ်ငန်းများကို အစဉ်တစိုက် အလေးထားဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်တောရေးရာဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဇီဝမျိုးစုံထိန်းသိမ်းရေးညီလာခံတက်ရန် မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပမည့် (၇)ကြိမ်မြောက် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အဆင့်မြင့်ညီလာခံသို့ တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

သီတဂူဆရာတော် အိန္ဒိယနိုင်ငံသို့ ကြွရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဘဒ္ဒန္တ ဒေါက်တာ ဉာဏိဿရ(D.Litt) သည် အိန္ဒိယနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာန တို့၏ ပင့်ဖိတ်ချက်အရ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဖေဖော်ဝါရီ ၁၇ရက်မှ ၁၉ရက်အထိ ကျင်းပမည့် သံဝေဇနိယလေးဌာနဆိုင်ရာ ဗုဒ္ဓဘာသာ ထိပ်တန်းအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ကြွရောက်တော်မူသည်။

ဆရာတော်ကြီးသည် အစည်းအဝေးသို့တက်ရောက်ပြီး အိန္ဒိယနိုင်ငံခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် သံဝေဇနိယလေးဌာနသို့ ကြွရောက်တော်မူမည်ဖြစ်သည်။ ဆရာတော်ကြီးနှင့်အတူ သီတဂူ သာသနာပြုအဖွဲ့မှ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းလည်း လိုက်ပါသွားသည်။

(သတင်းစဉ်)

ဆွမ်းပဒေသာပင် အလှူငွေပေးအပ်ပွဲ ကျင်းပရက်ပြောင်းရွှေ့

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)အတွက် ကျပ်သိန်းတစ်ထောင် ဆွမ်းပဒေသာပင် အလှူငွေနှင့် ပညာပါရမီကုသိုလ်တော် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၉ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ကျင်းပရန် အလှူရှင်များအား ဖိတ်ကြားခဲ့သည်။ ထိုရက်အစား ဖေဖော်ဝါရီ ၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ပြောင်းရွှေ့ပြုလုပ်မည်ဖြစ်သည်။

(သတင်းစဉ်)

(၄၉)ကြိမ်မြောက် သူနာပြုညီလာခံကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ သူနာပြုအသင်း၏ (၄၉)ကြိမ်မြောက် သူနာပြုညီလာခံကို ဖေဖော်ဝါရီ ၂၄၊၂၅၊၂၆ ရက်များတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

ပြည်နယ်၊တိုင်းအသီးသီးရှိ မြို့နယ်သူနာပြုအသင်းခွဲများမှ ညီလာခံတက်ရောက်ကြမည့် ကိုယ်စားလှယ်များသည် ရန်ကုန်မြို့သို့ အချိန်မီလာရောက်ကြရန်နှင့် သူနာပြုအသင်းဝင် ကတ်ပြားများပါ တစ်ပါတည်းယူဆောင်လာကြရမည်ဖြစ်သည်။

ညီလာခံကိုယ်စားလှယ်များ အချိန်မီ မှတ်ပုံတင်နိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၈ရက်မှစ၍ အသင်းတည်ရာ အမှတ်(၈၀/၈၄) ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်၌ ရုံးဖွင့်လှစ်ထားရှိပြီး အသေးစိတ် သိလိုပါက ဖုန်း-၂၈၆၉၆၆ နှင့် ၅၉၁၃၂၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(သတင်းစဉ်)

ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဦးကိုကိုထွေး - ဒေါ်အေးအေးသန်း (Taw Win Family Co.,Ltd) မိသားစုက နိုင်ငံတကာအဆင့်မီ ဘွဲ့ကြို၊ ဘွဲ့လွန် ဆေးပညာသင်ကြားရေးတွင် အသုံးပြုရန်ရည်ရွယ်၍ တန်ဖိုးငွေ ကျပ်တစ်ဆယ့်ကိုးသိန်း ငါးသောင်းတန် Broad Band Internet လှူဒါန်းခြင်းအခမ်းအနားကို ရန်ကုန်မြို့ ဗဟိုအမျိုးသမီးဆေးရုံကြီးရှိ သင်ကြားရေးခန်းမဆောင်၌ ယနေ့နံနက်က ကျင်းပရာ ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဦးမျိုးမြင့်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာဦးမြင့်အောင်၊ သားဖွားနှင့် မီးယပ်ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်သန်းသန်းတင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးရွှေအိုးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လက်ခံရယူ

ရှေးဦးစွာ အလှူရှင် ဦးကိုကိုထွေး-ဒေါ်အေးအေးသန်းမိသားစုက ထပ်မံလှူဒါန်းသည့် အလှူငွေကျပ်သုံးသိန်းနှင့် ဦးမျိုးဇော်ထွန်း - ဒေါ်ဝတ်ရည်ထွေး မိသားစုက ကျပ်တစ်သိန်းတို့ကိုပေးအပ်လှူဒါန်းရာ ဆေးတက္ကသိုလ်(၁)သားဖွားနှင့် မီးယပ် ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်သန်းသန်းတင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဦးရွှေအိုးတို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။ **(အောက်ပုံ)** (ကြေးမုံ)



အီရတ်ဆေးရုံများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆိုးရွား

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

ဘဂ္ဂဒက်မြို့တော်ရှိ ကလေးများဆိုင်ရာ ဗဟိုသင်ကြားရေး ဆေးရုံတွင် ဂါလန်ပေါင်းများစွာသော မိလ္လာအညစ်အကြေးများမှာ ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေသည်။

သောက်သုံးရေများ ညစ်ညမ်းကုန်သည်။

လူနာ စဝရာခိုင်နှုန်းမှာ ဆေးရုံသို့ ရောက်လာစဉ်ကမရှိသော ရောဂါများကို ဆေးရုံမှ ဆင်းသွားသောအခါ ယူဆောင်သွားကြကြောင်း ဆရာဝန်များက ပြောဆိုသည်။

အရေးပေါ်လူနာခန်းတွင် မိမိတို့သည် အခက်အခဲအတားအဆီးများကိုတွေ့ရှိပြီး ကြိုးပမ်းဆောင်ရွက်ကြရကြောင်းဖြင့် ဆရာဝန်သမားတော်များက ပြောဆိုသည်။

ကြီးမားသည်ဟူသော ဝေါဟာရမှာ မိမိတို့ရင်ဆိုင်နေရသော အနိဋ္ဌာရုံအတွက် ဖော်ပြရန် မလုံလောက်တော့ကြောင်းဖြင့် ထိုဆေးရုံမှ လက်ထောက်မန်နေဂျာ အာမက်မိုဟာမက်ကပြောကြားသည်။

လွန်ခဲ့သည့်နှစ်က အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်သို့ မကျူးကျော်မီကလည်း အီရတ်ဆေးရုံများ အခြေအနေမှာ အတော်ဆိုးနေသည်။

၁၉၉၀ပြည့်နှစ်တွင် ကူဝိတ်ကို အီရတ်က တိုက်ခိုက်ပြီးနောက် နိုင်ငံတကာ၏ ဝိုင်းပယ်မှုနှင့် ပိတ်ပင်မှုခံရပြီးနောက် အရှေ့အလယ်ပိုင်း၏ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုစနစ်မှာ ပျက်စီးသွားရသည်။ အမှန်တကယ်လိုအပ်သည့် စက်များ ဆေးရုံ၌မရှိ၊ ဆေးဝါးကရှားပါး၍ ပြည်သူများ၊ အထူးသဖြင့် ကလေးသူငယ်များမှာ များစွာ ထိခိုက်ရသည်။

စစ်ပွဲကြောင့် လျှပ်စစ်မီး၊ ရေပေးဝေရေးနှင့် အခြားသော အခြေခံဝန်ဆောင်မှု လုပ်ငန်းစသည့် ရုပ်ဝတ္ထုဆိုင်ရာ ဆုံးရှုံးမှုများ ကြုံရသည့်အပြင် ဆက်ဒမ်ဟူစိန် ပြုတ်ကျသွားသည့်အတွက် လူမှုရေးစနစ်လည်း ဗုန်းဗုန်းကျပြိုကွဲသွားရသည်။

ယခုအခါတွင် အခြေအနေမှာ စစ်မဖြစ်မီကထက် ပိုမိုဆိုးရွားသွားကြောင်းဖြင့် ပြည်သူ့ဆေးရုံ ၁၈၅ ခုကို ကြီးကြပ်တာဝန်ယူ ရသူ ကျန်းမာရေးဝန်ကြီးဌာန အရာရှိ အီမန်အဆင်က ပြောကြားလိုက်သည်။

အင်တာနက်။

ဖေဖော်ဝါရီ၁၄ရက်က အမေရိကန်တို့ထိန်းချုပ်ထားသည့် အဘူဂါရစ် အကျဉ်းထောင်အပြင်ဘက်တွင် ဆန္ဒပြနေသည့် အီရတ်နိုင်ငံသားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန် အရန်တပ်ဖွဲ့ဝင်တစ်ဦး အီရတ်သို့ စေလွှတ်မည့်ဆဲဆဲ ကားမှောက်သေဆုံး

ဂိတ်ဗီးလ် ဖေဖော်ဝါရီ ၁၄

အီရတ်သို့ စေလွှတ်မည့် အမေရိကန်ကြည်းတပ်၏ အရန်တပ်သား တစ်ဦးဖြစ်သူ ဂျရမီအာရ်စမစ်မှာ ကားမှောက်ပြီး သေဆုံးသွားကြောင်း စစ်ဘက်အရာရှိများက ဖေဖော်ဝါရီ ၁၄ ရက်က ပြောဆိုသည်။

တပ်သားဂျရမီအာရ်စမစ်သည် သောကြာနေ့နံနက်က ကိုယ်ပိုင်ကားမောင်းနှင်လာစဉ် လမ်းချော်ပြီး ဂိတ်ဗီးလ်အနီးမှ လမ်းဘေးသစ်ပင်ကိုဝင်တိုက်ကာ သေဆုံးသွားသည်ဟု ဖို့ဟုဒ်လေ့ကျင့်ရေးစခန်းမှ အရာရှိများက ပြောဆိုသည်။ ဂိတ်ဗီးလ်မှာ ဖို့ဟုဒ်မြောက်ဘက် မိုင်အနည်းငယ်အကွာတွင် တည်ရှိသည်။ စမစ်(၂၂နှစ်)ကို မက်အက်တွင် အခြေစိုက်သည့် အမေရိကန်ကြည်းတပ် အရန်တပ်တစ်တပ်ဖြစ်သော အမှတ် (၉၆၁)တပ်ထောက်တပ်ခွဲတွင် တာဝန်ချထားသည်။ အဆိုပါတပ်ခွဲမှ တပ်ဖွဲ့ဝင်များကို ရက်အနည်းငယ်အတွင်း အီရတ်သို့ စေလွှတ်ရန် စီစဉ်ထားပြီးဖြစ်သည်။ ကားမှောက်မှုကို စုံစမ်းလျက်ရှိသည်ဟု ဆို၏ ။

အင်တာနက်။

အာဖဂန်နစ္စတန်၌ မိုင်းတစ်လုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ကိုးဦးဒဏ်ရာရ

ခို့စ်(အာဖဂန်နစ္စတန်) ဖေဖော်ဝါရီ ၁၄

အာဖဂန်နစ္စတန်နိုင်ငံတွင် မတော်တဆဖြစ်ရပ်နှစ်ခု သောကြာနေ့က ဖြစ်ပွားခဲ့ရာ အာဖဂန်နစ္စတန် လူမျိုးနှစ်ဦးထက်မနည်းနှင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံးခဲ့ကြပြီး အခြားလူ ၁၅ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် အမေရိကန်စစ်ဘက်က ပြောကြားလိုက်သည်။

ဂက်ဇ်နီဒေသအနီးတွင် မိုင်းတစ်လုံးပေါက်ကွဲသောကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားကိုးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း အမေရိကန် ဗဟိုစစ်ဌာနချုပ်က ပြောကြားသည်။ ယင်းဖြစ်ရပ်ကို စုံစမ်းစစ်ဆေးဆဲဖြစ်ပြီး နောက်ထပ် အသေးစိတ်သတင်း မရရှိသေးပေ။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ တာလီဘန် ခြေကုပ်စခန်းဟောင်းအနီး အစိုးရစစ်ဘက်ဆိုင်ရာ ကင်းစခန်းတွင် ပေါက်ကွဲမှုဖြစ်ပွားရာ လူခြောက်ဦး ထိခိုက်ဒဏ်ရာရရှိသွားပြီး ခို့စ်ဒေသတွင် အာဖဂန်လူမျိုးနှစ်ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့ကပြောကြားသည်။

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များ အခြေစိုက်ရာ ခို့စ်လေဆိပ်အနီးတွင်ရောကက်ဒုံးကျည်အစင်း ၂၀ ကျော်ကျရောက်ပြီးနောက် ပေါက်ကွဲမှု ပေါ်ထွက်လာခဲ့ခြင်းဖြစ် သည်။

တာလီဘန်များ ၂၀၀၁ ခုနှစ်နှောင်းပိုင်းတွင် ကျဆုံးပြီးကတည်းက ဖော်ပြပါ ရောကက်ဒုံးကျည်ဖြင့် တိုက်ခိုက်မှုသည် အကြီးဆုံး ပစ်ခတ်မှုဖြစ်ခဲ့ကြောင်း၊ သို့ရာတွင် သေဆုံးမှုမရှိကြောင်း အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဘရိုင်ယမ်ဟီဖာတီက ပြောကြားသည်။

အမေရိကန်အပေါင်းပါတပ်ဖွဲ့ဝင် သေဆုံးမှုမရှိကြောင်း ၎င်း၏ ပြောကြားချက်ကိုသတင်းကြေညာချက်တွင်ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့လယ်ရှိ အဘူဂါရစ်အကျဉ်းထောင်တစ်ဝိုက် အီရတ်ပြည်သူ ရာပေါင်းများစွာ ကြွေးကြော်ဆန္ဒပြ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ရှိ အဘူဂါရစ် အကျဉ်းထောင်တစ်ဝိုက်တွင် အီရတ်ပြည်သူ ရာပေါင်းများစွာတို့ ဖေဖော်ဝါရီ ၁၄ ရက်က စုဝေးပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ဖမ်းဆီးထိန်းသိမ်းထားသည့် ၎င်းတို့၏ ဆွေမျိုးရောင်းရင်းများကို အမြန်ပြန်လွှတ်ပေးရန် ကြွေးကြော်ဆန္ဒပြတောင်းဆိုခဲ့ကြကြောင်း သိရသည်။

လွှတ်ပေးရန်လိုလား

ဆန္ဒပြသည့် အီရတ်ပြည်သူများက 'အမေရိကန်များပြောနေသည့် လူ့အခွင့်အရေးဆိုသည်မှာ ဘယ်မှာနည်း'ဟု ကြွေးကြော်ဆန္ဒပြကာ မေးခွန်းထုတ်ကြောင်း သိရသည်။ အီရတ်နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်များထဲ၌ အမေရိကန်တို့အား တော်လှန်တိုက်ခိုက်နေမှုများနှင့် ဆက်သွယ်နေသည်ဟု သံသယရှိသူအများအပြားအပါအဝင် အခြားကိစ္စရပ်များနှင့်ပတ်သက်ပြီး အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသူများရှိနေကြောင်း၊ ဖမ်းဆီးခံရသူအများအပြားများမှာ စွဲချက်တင်ခံရခြင်းမရှိကြောင်း၊ ၎င်းတို့၏ ဆွေမျိုးသားချင်းများက ၎င်းတို့ကို အမေရိကန်တို့က လွှတ်ပေးရန်လိုလားလျက်ရှိကြောင်း သိရသည်။

စီအင်န်အင်န်။

ဖေဖော်ဝါရီ၁၅ ရက်က ဘဂ္ဂဒက်မြို့တွင် မီးလောင်နေသည့် အမေရိကန်စစ်ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သီရိလင်္ကာနိုင်ငံ၌ မိုးခေါင်မှုကြောင့် ကယ်ဆယ်ရေးအကူအညီ လိုအပ်

ကိုလံဘို ဖေဖော်ဝါရီ ၁၅

သီရိလင်္ကာနိုင်ငံ အနှံ့အပြားတွင် မိုးခေါင်ခြင်းကြောင့် လူအများ ရင်ဆိုင်နေသည့် အခက်အခဲများကို ဖြေရှင်းပေးနေသည့် မိမိတို့၏ ကြိုးပမ်းချက်များတွင် နိုင်ငံတကာ အသိုင်းအဝိုင်းမှ အကူအညီပေးရေးအတွက် သီရိလင်္ကာ မီးလောင်သွားကြောင်းဖြင့် မျက်မြင်သက်သေများက ပြောကြားသည်။ ယာယီအစိုးရအဖွဲ့က သောကြာနေ့တွင် မေတ္တာရပ်ခံလိုက်သည်။

သီရိလင်္ကာနိုင်ငံအတွင်းရှိ ဒေသအများစုတို့တွင် ပြင်းထန်စွာ တာရှည် မိုးခေါင်မှုကြောင့် လူအများနှင့် ၎င်းတို့၏ အသက်မွေးမှုအတွက် ကြီးစွာဒုက္ခဖြစ်စေလျက်ရှိနေသည်ဟု စွမ်းအင်ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့၏ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ဆပ်ကော်မတီဥက္ကဋ္ဌ ကာရူဝေယဆူရိယက မိုးခေါင်မှု ကယ်ဆယ် ရေးနှင့် အကူအညီပေးရေးနှင့် ပတ်သက်၍ သံတမန်အဖွဲ့ဝင်များအား တွေ့ဆုံပြောကြားခဲ့သည်ဆို၏ ။

၎င်း၏အဆိုအရ နိုင်ငံတွင်းရှိ ခရိုင်ခုနစ်ခုတို့တွင် စုစုပေါင်းလူဦးရေ ၁၉ သန်းရှိသည့်အနက် လူဦးရေ ၁ ဒသမ ၀၄ သန်းပါဝင်သည့် မိသားစုပေါင်း ၂၃၀၀၀၀ ကျော်တို့သည် ဆက်တိုက် မိုးခေါင်မှုဘေးအန္တရာယ်နှင့် တွေ့ကြုံနေရသည်။

သီရိလင်္ကာနိုင်ငံတွင် လွန်ခဲ့သော နှစ် အောက်တိုဘာလမှစတင်၍ မိုးရွာသွန်းခြင်းမရှိသဖြင့် အဆိုပါ ခရိုင်ဒေသများတွင် စပါးသီးနှံများ စိုက်ပျိုးမှုကို သိသိသာသာ ထိခိုက်ပျက်စီးစေခဲ့ကြောင်းနှင့် မိုးခေါင်မှုကြောင့် ရေအားလျှပ်စစ်ဓာတ် ထုတ်လုပ်ရာ ရေလှောင်ကန်နှင့် အဓိက ဆည်ရေကန်များတွင် ရေချိန်ကျဆင်းသွားကြောင်းကိုလည်း ၎င်းက ပြောကြားသည်။

အဆိုပါအခြေအနေကြောင့် နိုင်ငံတကာမှ အလှူရှင်နိုင်ငံများကို ငွေကြေးနှင့် ပစ္စည်းထောက်ပံ့မှု နှစ်မျိုးလုံး အကူအညီပေးကြရန် အစိုးရက မေတ္တာရပ်ခံသွားမည်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်၌ ဖျက်အားပြင်းလက်နက်များ မတွေ့သည့်ကိစ္စ လွှတ်တော်၏မေးမြန်းမှုကို ကောလင်းပါဝဲလ်ရင်ဆိုင်နေရ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၄

အမေရိကန်သမ္မတဘုရှ်၏ အစိုးရအဖွဲ့သည် ပိုမိုပြီးဖိအားပေးမှုများနှင့် ရင်ဆိုင်နေရသည်။ အီရတ်နိုင်ငံတွင် အဖျက်စွမ်းရည်မြင့်လက်နက်များရှိပုံမရသည့် ကိစ္စနှင့်ပတ်သက်ပြီး လွှတ်တော်၏ မေးမြန်းမှုကို ကောလင်းပါဝဲလ်ရင်ဆိုင်နေရသည်။

အလားတူပင် အမေရိကန်သတင်းလောကတွင်လည်း လှုပ်ခတ်မှုများဖြစ်နေသည်။ ဘုရှ်နှင့်အီရတ်စစ်ပွဲကို လူသိထင်ရှားထောက်ခံသူ ဖောက်စ်သတင်းဌာနမှ သတင်းထောက် ဘီလ်အိုရေလီက အမေရိကန်စစ်ဘက်မှ ဝင်ရောက်စွက်ဖက်မှုကို ထောက်ခံခဲ့သည့်အတွက် ၎င်းက ဝန်ချတောင်းပန်ခဲ့သည်။

မိမိ၏သုံးသပ်ချက်သည် မှားယွင်းခဲ့သည်ဟု ၎င်းကပြောကြားခဲ့ကြောင်း စီအက်ဖ်အိုင် သတင်းဌာနကဖော်ပြသည်။ စီအက်ဖ်အိုင်။

အမေရိကန်စစ်ယာဉ်တန်း ဘဂ္ဂဒက်တွင် တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ဘက်ရှိ အဝေးပြေးလမ်းမပေါ်တွင် အမေရိကန်စစ်ဘက်ဆိုင်ရာ ယာဉ်တန်းကို သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်မှုတစ်ရပ် ယနေ့ဖြစ်ပွားခဲ့ရာ အများအပြား ဒဏ်ရာရရှိသွားကြောင်း သိရသည်။

သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် မောင်းနှင်နေသည့် ကားသုံးစီးအတွင်းမှ ကားတစ်စီးကို ထိမှန်ကာ မီးလောင်သွားကြောင်းဖြင့် မျက်မြင်သက်သေများက ပြောကြားသည်။

မြင်တွေ့

၎င်းတို့သည် သေနတ်သံများကိုကြားခဲ့ရပြီး မီးလောင်နေသည့် ကားအတွင်းမှ ဒဏ်ရာရရှိသူများအား အပြင်သို့ဆွဲထုတ်နေသည်ကို မြင်တွေ့ခဲ့ရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။



အီရတ်၌ ပဋိပက္ခများ ပိုမိုကြီးထွားလျက်ရှိနေဆဲ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၄

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် အခက်ခဲဆုံးကြုံတွေ့နေရမှုမှာ လုံခြုံရေးအခြေအနေ ဆိုးရွားနေမှုဖြစ်ပြီး ခုခံတိုက်ခိုက်မှုများဖြစ်ပွားနေသည့် အီရတ်နိုင်ငံကို အုပ်ချုပ်ရန်အတွက် အချုပ်အခြာအာဏာ လွှဲပြောင်းပေးရေးသည် နိုင်ငံအတွက် အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်။ အီရတ်နိုင်ငံသို့ ကုလသမဂ္ဂအဖွဲ့၏ သုံးသပ်တွေ့ရှိချက်မှာ ယခုအချိန်တွင် ရွေးကောက်ပွဲကျင်းပသွားရန် အခြေအနေမပေးကြောင်းနှင့် လာမည့် ဇူလိုင်လမတိုင်ခင်တွင် တိုက်ရိုက်ရွေးကောက်ပွဲကျင်းပရန် ရှီးယားခေါင်းဆောင်က တောင်းဆိုထားသည်။ အမေရိကန်တို့က တိုက်ရိုက်မဟုတ်သည့် ဒေသဆိုင်ရာ ရွေးကောက်ပွဲများ ကျင်းပရန် ပြင်ဆင်ထားသည်။

ပထမဆုံးခရီးစဉ်

ကုလသမဂ္ဂ အဆင့်မြင့် ကိုယ်စားလှယ်များ၏ အီရတ်ခရီးစဉ်သည် ပြီးခဲ့သည့်နှစ်က အီရတ်ရှိ ကုလသမဂ္ဂဌာနချုပ် ဗုံးဖောက်ခွဲ တိုက်ခိုက်ခံခဲ့ရပြီးနောက်ပိုင်း ပထမဆုံး ခရီးစဉ်ဖြစ်သည်။ ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဘရီဟီမီက အီရတ်ပြည်သူများနှင့် တွေ့ဆုံရာတွင် မိမိတို့သည် လုံခြုံရေးအတွက် များစွာစိုးရိမ်ပူပန်လျက်ရှိပြီး လုံခြုံရေးအခြေအနေကြောင့်လည်း တိုင်းပြည်သည် ယခုတိုင် အဆင်သင့် မဖြစ်သေးကြောင်း အီရတ်ပြည်သူများက ပြောကြားသည်။

တိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွား

အီရတ်နိုင်ငံတွင် ကုလသမဂ္ဂအဖွဲ့ ရောက်ရှိနေစဉ် အချိန်အတွင်းမှာပင် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ လူ ၁၀၀ ကျော် သေဆုံးခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များ စီစဉ်ထားသကဲ့သို့ အမေရိကန်တို့ အာဏာလွှဲပြောင်းပေးလိုသည့်အချိန် နီးကပ်လာလေလေ၊ အီရတ်နိုင်ငံတွင် ပဋိပက္ခများ ပိုမိုတိုးပွားလာလေလေဆိုသည့် အခြေအနေမျိုး ဆိုက်လိမ့်မည်ဟု အမေရိကန်တာဝန်ရှိသူများက ပြောကြားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။



ဖေဖော်ဝါရီ၁၃ ရက်က စပရစ် အင်္ဂါဂြိုဟ်ဆင်းယာဉ်က ရိုက်ကူး ပေးပို့လိုက်သည့် ကျောက်တုံး အပိုင်းအစများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံမြောက်ပိုင်း၌ ကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိ

ဟိုနိုလူလူ ဖေဖော်ဝါရီ ၁၄

ရှိုဖီးလ်စစ်တန်းလျားရှိ အမှတ်(၂၅) ခြေမြန်တပ်မမှ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသည် အီရတ်နိုင်ငံ မြောက်ပိုင်း အယ်ဟူဝီဂျာမြို့ ပတ်ဝန်းကျင်တွင် ယခုရက်သတ္တပတ်အတွင်း သီးခြားစီ ဒဏ်ရာရသွားသည့်အတွက် ဆေးကုသမှု ခံယူရန် ဂျာမနီနိုင်ငံ လင်းစတူးသို့ ပို့လိုက်သည်။ တပ်ကြပ်ကြီး ခရစ္စတိုဖာ ဟင်ဒရီသည် ဘရက်လီ တိုက်ခိုက်ရေး မော်တော်ယာဉ် ရှေ့ပိုင်းမှ စီးနင်းလိုက်ပါစဉ် ဗုံးပေါက်ကွဲကာ မျက်စိတွင် ဒဏ်ရာရသွားကြောင်း၊ တပ်သား ခရစ္စတင်နာယုကာသည် အယ်ဟူဝီဂျာမြို့တွင် ရှာဖွေရေးပြုလုပ်စဉ် လက်မောင်းကို သေနတ်ထိမှန်ခံရကြောင်း ဗိုလ်ကြီးနာသန်မီနာမီက ပြောဆိုသည်။

အင်တာနက်။

အမေရိကန်၏ ဖိအားပေးမှုကို ရုရှား ဆန့်ကျင် အီရန်သို့နျူကလီးယားလောင်စာများ ပေးပို့မည်ဟုဆို

မော်စကို ဖေဖော်ဝါရီ ၁၄

အီရန်နိုင်ငံ၏ အဏုမြူဓာတ်ပေါင်းဖိုတွင် အသုံးပြုရန်အတွက် နျူကလီးယားလောင်စာများကို လာမည့်လတွင်ပေးပို့ရန် ရုရှားနိုင်ငံက စာချုပ်ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြီးခဲ့သော ကြာသပတေးနေ့က ပြောကြားသည်။

အမေရိကန်က အီရန်ကို အဏုမြူဆိုင်ရာများ မထောက်ပံ့ရန် ဖိအားပေးလျက်ရှိသော်လည်း ရုရှားတို့က ဆန့်ကျင်ပြီး လုပ်ဆောင်လိုက်သော ကိစ္စပင်ဖြစ်သည်ဟု ဆိုသည်။

စွပ်စွဲ

ရုရှားနှင့် အီရန်နိုင်ငံတို့သည် ဒေါ်လာ သန်း ၈၀၀ တန် ဘာရှား အဏုမြူဓာတ်ပေါင်းဖို တည်ဆောက်ရေးကိစ္စ ဆက်လက်ဆောင်ရွက်ရေးနှင့် ပတ်သက်ပြီး လအတန်ကြာ နှောင့်နှေးနေခဲ့သည်။ အမေရိကန်တို့က အီရန်ကို အဏုမြူလက်နက်များ ပိုင်ဆိုင်ရန် လျှို့ဝှက်စွာ ကြိုးပမ်းနေသည်ဟု အကြိမ်ကြိမ် စွပ်စွဲခဲ့ကြသည်။

အီရန်အဏုမြူဓာတ်ပေါင်းဖိုကိစ္စနှင့် ပတ်သက်၍ အမေရိကန်သည် ရုရှားကို ဝေဖန်လျက်ရှိသည်။ နောင်လည်း ဆက်လက် ဝေဖန်နေမည်သာဖြစ်သည်။

အကာအကွယ်ယူ

အမေရိကန်တို့က အီရန်သည် အဏုမြူလက်နက်များရရှိရန် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုမည်ဟူသော အကြောင်းပြချက်ကို အကာအကွယ်ယူ၍ စက်ပုန်းခုတ်နေသည်ဟု စွပ်စွဲလျက်ရှိကြောင်း အယ်လက်ဇန္ဒားရူမြာစတဗ်က ပြောကြားသည်။ ၎င်းသည် ရုရှားစွမ်းအင်ဝန်ကြီးဖြစ်သည်။

ယခုကိစ္စတွင် အမေရိကန်တို့ အမြင်မှားနေသည်။ ကျွန်ုပ်တို့သည် အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့် အညီသာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရူမြာစတဗ်က ဆက်လက်ပြောကြားခဲ့သည်။

တုံ့ပြန်ပြောကြား

အမေရိကန်တို့၏ စွပ်စွဲချက်များကို အီရန်နိုင်ငံခြားရေးဝန်ကြီး ကာမဲလ်ခါရာဇီက မဟုတ်မမှန်ကြောင်း ငြင်းဆိုလိုက်ပြီး အီရန်နိုင်ငံသည် နျူကလီးယား နည်းပညာများကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့်သာ သုံးစွဲသွားမည်ဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

အင်တာနက်။

ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ မူဝါဒများ ကျူးဘား သမ္မတ ဝေဖန်ပြောကြား

ဟာဗားနား ဖေဖော်ဝါရီ ၁၅

ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)၏ မူဝါဒများသည် ဆင်းရဲသော နိုင်ငံများ၏ အကျိုးစီးပွားကို ထိခိုက်စေသည်ဟု ကျူးဘားနိုင်ငံသမ္မတ ဖီဒယ်ကက်စထရိုက ဝေဖန်ပြောကြားသည်။

ဆွေးနွေး

ဆဋ္ဌမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးပညာရှင်များ အစည်းအဝေးသည် တစ်ကမ္ဘာလုံးဆက်စပ်ယှက်နွယ်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးမှုဆိုင်ရာ ကိစ္စရပ်များကို နှီးနှောဆွေးနွေးခဲ့ကြသည်။ ထိုအစည်းအဝေး၌ အပိတ်မိန့်ခွန်း ပြောကြားရာတွင် ကျူးဘားသမ္မတ ဖီဒယ်ကက်စထရိုက အထက်ပါအတိုင်း ဝေဖန်ခဲ့ခြင်းဖြစ်သည်။

ယင်းအစည်းအဝေးသို့ နိုင်ငံပေါင်း ၅၀ ခန့်မှ ပညာရှင်ပေါင်း ၁၀၀၀ ကျော်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးကို လွန်ခဲ့သော တနင်္ဂနွေနေ့က စတင်ကျင်းပခဲ့သည်။

ဖိအားသုံး

အိုင်အမ်အက်ဖ်၏ သိက္ခာသည် တတိယကမ္ဘာ့နိုင်ငံများတွင် ကျဆင်းနေသည်။ အထူးသဖြင့် လက်တင်အမေရိကနိုင်ငံများအကြားတွင် ပိုမိုကျဆင်းလျက်ရှိသည်။ အိုင်အမ်အက်ဖ်သည် ဆင်းရဲသောနိုင်ငံများ၏ ငွေကြေးတန်ဖိုးများကို ဖိအားသုံး၍ လျှော့ချစေသည့်အပြင် ငွေကြေးလဲလှယ်နှုန်းကိုလည်း နှုန်းရှင်စနစ် ကျင့်သုံးစေခဲ့သည်ဟု ကျူးဘားခေါင်းဆောင်က ပြောကြားသည်။

ထို့အပြင် ကမ္ဘာ့စီးပွားရေးပုံစံသစ် ဖြစ်ပေါ်မှုကြောင့်လည်း တတိယကမ္ဘာတွင် စီးပွားရေးမတည်မငြိမ်မှုများနှင့် စီးပွားရေးကပ်များ ဆိုက်ခဲ့ရပြီး ဆင်းရဲသော နိုင်ငံများမှ အရင်းအနှီးများ ချမ်းသာသော နိုင်ငံဆီသို့ စီးဝင်သွားကြရကြောင်း ဝေဖန်ပြောကြားသွားသည်။

အင်တာနက်။

စိန်ခေါ်မှု အသစ်များကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကမ္ဘာ့နိုင်ငံများ ညီညွတ်ရေး ရုရှား တိုက်တွန်း

မော်စကို ဖေဖော်ဝါရီ ၁၄

ယခုနှစ်အဖို့ ရုရှားနိုင်ငံခြားရေးမူဝါဒအရ အဓိကအကောင်အထည်ဖော်ရမည့် လုပ်ငန်းတာဝန်များတွင် စိန်ခေါ်မှုအသစ်များနှင့် ခြိမ်းခြောက်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ကမ္ဘာ့အသိုင်းအဝိုင်း၏စည်းလုံးညီညွတ်မှုကို ဆက်လက်ဆောင်ရွက်ရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး အိုင်ဗင်နော့ဗ်က ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

အဆိုပါ လုပ်ငန်းရည်မှန်းချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် လက်နက်မပြန့်ပွားရေးနည်းစနစ်၊ ဒေသတွင်း ပဋိပက္ခမှုများ မဖြစ်ပွားအောင် ကာကွယ်ရေးနှင့် ဖြေရှင်းရေးတို့ကို တိုးချဲ့ဆောင်ရွက်မည်ဖြစ်ပြီး ရုရှား–အမေရိကန် ပြည်ထောင်စု ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးအတွက်လည်း လုပ်ဆောင်သွားရမည်ဟု အိုင်ဗင်နော့ဗ်က ပြောကြားခဲ့သည်။

တိုးမြှင့်လုပ်ဆောင်မည်

ရုရှားပါလီမန် အောက်လွှတ်တော်သို့ မစ္စတာ အိုင်ဗင်နော့ဗ် ပြောကြားသည့် မိန့်ခွန်းတွင် လွတ်လပ်သော နိုင်ငံများ၏ ဓနသဟာယအဖွဲ့(စီအိုင်အက်စ်)အဖြစ် တစ်ခုတည်းဖြစ်အောင် အဆင့်ဆင့် အကောင်အထည်ဖော်မှုကို ဆက်လက် တိုးမြှင့်လုပ်ဆောင်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့ပြင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဟု အကြောင်းပြကာ အချုပ်အခြာအာဏာပိုင် နိုင်ငံများ၏ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်နေခြင်းကိစ္စကို အိုင်ဗင်နော့ဗ်က အပြင်းအထန် ဝေဖန်လိုက်ပြီး အပြည်ပြည်ဆိုင်ရာဥပဒေ ခိုင်မာရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရာတွင် ကုလသမဂ္ဂအဖွဲ့အနေဖြင့် ပိုမိုကျယ်ပြန့်သော အခန်းကဏ္ဍမှ ပါဝင်ရေးတို့ကို လုပ်ဆောင်ရန် ၎င်းက တိုက်တွန်းလိုက်သည်။

ရုရှား–နေတိုးကောင်စီအဖွဲ့၏ အခြေခံမူဘောင်များအတွင်း ရုရှားနှင့် ဥရောပနိုင်ငံများ၏ ချစ်ကြည်ရင်းနှီးမှု တိုးတက်အောင်မြင်ရေးအတွက် လိုအပ်ကြောင်းကိုလည်း ၎င်းက အလေးအနက်ပြောကြားသည်။

အပြုသဘောဆောင်

ရုရှားနှင့် အာရှနိုင်ငံများ ဆက်ဆံရေးကိစ္စနှင့် ပတ်သက်၍ ရုရှား–တရုတ် ဆက်ဆံရေးသည် သမိုင်းစဉ်တစ်လျှောက်လုံး၌ အကောင်းဆုံးအဆင့်သို့ ရောက်ရှိနေကြောင်း၊ အိန္ဒိယနှင့် ရေရှည်လုပ်ဖော်ကိုင်ဘက်များအဖြစ် စီစဉ်ဆောင်ရွက်မှုများသည်လည်း တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးဘက်တွင်လည်း အပြုသဘောဆောင်လျက်ရှိနေကြောင်း အိုင်ဗင်နော့ဗ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆန့်ကျင်ကန့်ကွက်

ဖေဖော်ဝါရီ၁၄ ရက်က အမေရိကန်တို့ ထိန်းချုပ်ထားသည့် အဘူဂါရစ် အကျဉ်းထောင်ရှေ့တွင် ဆန့်ကျင်ကန့်ကွက်နေသည့် အီရတ်နိုင်ငံသားများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဖော်လူဂျာမြို့ ရဲစခန်းနှင့် အဆောက်အအုံတစ်ခု တိုက်ခိုက်ခံရ တစ်ချိန်တည်း ဟန်ချက်ညီတိုက်ခိုက်မှုကြောင့် လူ ၂၁ ဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၄

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အီရတ်နိုင်ငံအား သိမ်းပိုက်ထားမှုကို ဆန့်ကျင်သည့် တိုက်ခိုက်ရေး သမားများက ရဲစခန်းတစ်ခုနှင့် အဆောက်အအုံတစ်ခုတို့ကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လူ ၂၁ ဦးသေဆုံးပြီး ၃၅ ဦး ဒဏ်ရာရရှိခဲ့သည်။

ကားသုံးစီးဖြင့် စီးနင်းလိုက်ပါလာသည့် သေနတ်သမားများသည် ယင်းအဆောက်အအုံများကို စက်သေနတ်များ၊ ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်ခဲ့ကြောင်း အီရတ်ရဲအရာရှိ အစ်ဆမ်ယာဆင်က ပြောကြားသည်။

တိုက်ခိုက်ရေးသမား ၅၀ ခန့်သည် အီရတ်အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့ (အိုင်စီဒီစီ)ရှိရာ ခြံဝင်းအတွင်းသို့ စီးနင်းဝင်ရောက်ကြပြီး စိန်ပြောင်းများ၊ ဖောက်ခွဲပစ္စည်းများနှင့် စက်သေနတ်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အိုင်စီဒီစီ တပ်ဖွဲ့ဝင်များက ပြန်လည် ပစ်ခတ်ခဲ့ကြသည့်အတွက် တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

ယင်းသို့ တိုက်ခိုက်မှုတွင် လူ ၁၉ ဦး သေဆုံးခဲ့ကြောင်း အယ်ဂျာဇီယာ ရုပ်သံဌာနမှသတင်းထောက်တစ်ဦးက ပြောကြားသည်။

တိုက်ခိုက်ရေးသမားများကိုင်ဆောင်သည့် လက်နက်များသည် မိမိတို့ကိုင်ဆောင်သည့် ကာလက်ရှ်နီကော့ဗ်ရိုင်ဖယ်များထက် ပိုမိုကောင်းမွန်ထိရောက်မှုရှိကြောင်း ရဲစခန်းက ပြောကြားသည်။

အဆိုပါ တိုက်ခိုက်ရေးသမားများသည်တစ်ကီလိုမီတာအဝေးတွင်ရှိသည့် မြို့တော်ဝန်၏ ရုံးကိုလည်း တစ်ချိန်တည်းတွင် တိုက်ခိုက်ခဲ့ရာ လူနှစ်ဦး သေဆုံးခဲ့သည်ဟု အယ်ဂျာဇီယာ သတင်းထောက်က ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့က ဖော်လူဂျာမြို့တွင် ကာဖျူးအမိန့် ထုတ်ပြန်ခဲ့သည်။

အတည်ပြုပြောကြား

လူအချို့ကို ဆေးဝါးကုသမှုခံယူရန် ခေါ်ဆောင်လာခဲ့ကြကြောင်း ဆေးရုံတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အတည်ပြုပြောကြားသည်။ ဒဏ်ရာရသူများထဲတွင် အမျိုးသမီးနှစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့ပါဝင်သော်လည်း ဒဏ်ရာရသူအများစုမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်ကြောင်း ဆေးရုံလုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ဆေးရုံသို့ ရောက်ရှိလာသည့် ဒဏ်ရာရထားသော တိုက်ခိုက်ရေးသမား နှစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ၎င်းကပြောကြားသည်။ ***အင်တာနက်။***

ဖေဖော်ဝါရီ ၁၄ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာရပ်နိုင်ငံခြားရေးဝန်ကြီးများ အီရတ်အရေး ဆွေးနွေးမည်

ကူဝိတ်စီးတီး ဖေဖော်ဝါရီ ၁၄

စစ်ပွဲကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အီရတ်နိုင်ငံ၏ ဒေသတွင်း ထိခိုက်မှုများနှင့် ပတ်သက်၍ ထိပ်တန်းအဆင့်မြင့် ဆွေးနွေးပွဲ ကျင်းပရန် အီရတ်၏ အိမ်နီးချင်းနိုင်ငံ များသည် ကူဝိတ်စီးတီးသို့ စုရုံးရောက်ရှိလာကြသည်။

ဒေသတွင်း နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ ပထမဆုံးအကြိမ် ဆွေးနွေးပွဲသို့ တက်ရောက်မည့် အီရတ်ယာယီနိုင်ငံခြားရေးဝန်ကြီး ဟက်ရှ်ယာဇီဘာရီသည် ကူဝိတ်နိုင်ငံ မြို့တော် ကူဝိတ်စီးတီးသို့ စနေနေ့က ရောက်ရှိလာသည်။ ၎င်းအား ကူဝိတ်နိုင်ငံခြားရေးဝန်ကြီး ရှိတ်မိုဟာမက်အယ်ဆာဘားက ကြိုဆိုနှုတ်ဆက်သည်။

နှစ်ရက်ကြာ ကျင်းပမည့် ဆွေးနွေးပွဲသို့ အီရတ် ကူဝိတ်၊ ဂျော်ဒန်၊ ဆီးရီးယား၊ ဆော်ဒီအာရေဗျ၊ တူရကီ၊ အီရန်၊ ဘာရိန်းနှင့် အီဂျစ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ကြမည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲသို့ ပထမဆုံးအကြိမ်တက်ရောက်သည့် အီရတ်နိုင်ငံက လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အတွက် အိမ်နီးချင်းနိုင်ငံများအား မေတ္တာရပ်ခံမည်ဖြစ်ကြောင်း ကူဝိတ်နိုင်ငံမှ အာရပ်တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

အင်တာနက်။

အမေရိကန်သမ္မတကို ပြည်သူလူထုထောက်ခံမှု သိသိသာသာကျဆင်း အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ဘုရှ်လိမ်လည်ခဲ့ကြောင်း လေ့လာချက်တွင်ဖော်ပြ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံတွင် စစ်ရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်များ အသေအပျောက်များပြားလာခြင်းကြောင့်လည်းကောင်း၊ ဗီယက်နမ်စစ်ပွဲကာလအတွင်း ရှေ့တန်းစစ်ရေးတာဝန် ထမ်းဆောင်ရခြင်းမရှိစေရန် အမျိုးသားလုံခြုံရေး အစောင့်တပ်ဖွဲ့တွင်သာ စစ်မှုထမ်းခဲ့သည်နှင့် ပတ်သက်၍ လည်းကောင်း ဝေဖန်ခံနေရသော သမ္မတဘုရှ်သည် ပြည်သူလူထုအတွင်း ရေပန်းစားမှု သိသိသာသာ ဆက်လက်ကျဆင်းနေသည်။

ပုံကြီးချဲ့ကားခဲ့

သမ္မတ ဘုရှ်သည် အီရတ်စစ်ပွဲနှင့် ပတ်သက်၍ လိမ်လည်မှုများပြုလုပ်ခဲ့သည်၊ သို့မဟုတ် အီရတ်၏ အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက် အစီအစဉ်များနှင့် ပတ်သက်၍ ပုံကြီးချဲ့ကားခဲ့သည်ဟု ယုံကြည်ယူဆသူဦးရေမှာ ယခုအခါ ၅၄ ရာခိုင်နှုန်းအထိ ရောက်ရှိသွားကြောင်း ဝါရှင်တန်ပို့စ်နှင့် အေဘီစီရုပ်မြင် သံကြားသတင်းဌာနတို့ ပူးတွဲပြုလုပ်သည့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံကို စစ်ရေးအရ အရေးယူသင့်သည်ဟု ထင်မြင်ယူဆသူဦးရေသည် လွန်ခဲ့သည့်လနှင့် နှိုင်းယှဉ်ပါက ၈ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်ဟု အဆိုပါ လေ့လာချက်တွင် ဆက်လက်ဖော်ပြထားသည်။

လိမ်လည်ပြောဆို

သမ္မတဘုရှ်သည် အီရတ်နိုင်ငံ၏ အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များနှင့်ပတ်သက်၍ သိရှိခဲ့ရသည်ထက် ပိုမိုပြောဆိုခြင်းနှင့် လိမ်လည်ပြောဆိုခြင်းတို့ ရှိခဲ့သည်ဟု ဒီမိုကရက်လေးဦးလျှင်သုံးဦးကထင်မြင်ယူဆကြောင်း၊အီရတ်နိုင်ငံ၏ ပိတ်ပင်ခံရသော လက်နက်များနှင့်ပတ်သက်၍ အမေရိကန်ပြည်သူလူထု၏ ရှုမြင်ချက်ပြောင်းလဲစေရန် သမ္မတဘုရှ်က လှည့်ဖြားပြောဆိုခဲ့သည်ဟု ယူဆကြောင်း အဆိုပါလေ့လာချက်တွင် ရေးသားထားသည်။***အင်တာနက်။***

အီရတ်တောင်ပိုင်း၌ မတော်တဆမှုဖြစ်ပွား ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

လန်ဒန် ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံတောင်ပိုင်းတွင် ဗြိတိသျှတပ်ဖွဲ့မှ စက်ပြင်သမားတစ်ဦးသည် ယာဉ်မတော်တစ်ဆမှု ဖြစ်ပွားကာ သေဆုံးခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက သောကြာနေ့၌ ထုတ်ပြန်ကြေညာသည်။

သေဆုံးသွားသူမှာ တော်ဝင်လျှပ်စစ်နှင့် အင်ဂျင်နီယာတပ်တွင် အမှုထမ်းနေသော တပ်ကြပ် ရစ်ချက်သောမတ် ဒေးဗစ်အိုင်ဗယ်ဆိုသူဖြစ်သည်။ ၎င်းသည် အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့အပြင် လေဆိပ်ရှိ ထောက်ပံ့ရေးစခန်းတွင် ကြာသပတေးနေ့ကဖြစ်ပွားသော မတော်တဆမှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနကဆိုသည်။

ယင်းကိစ္စမှာ အတိုက်ခိုက်ခံရမှု လုံးဝမဟုတ်ဘဲ မတော်တဆမှု သက်သက်မျှသာဖြစ်သည်ဟု ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့် ရှိသူက ပြောကြားခဲ့သည်။ သို့ရာတွင် ဖြစ်စဉ်အသေးစိတ်ကို ဖော်ပြခဲ့ခြင်းမရှိပေ။

အီရတ်စစ်ပွဲစတင် ဖြစ်ပွားသော ၂၀၀၃ ခုနှစ် မတ်လ ၂၀ရက်နေ့မှ စတင်ရေတွက်လျှင် ယနေ့အထိ အီရတ်နိုင်ငံတွင် ဗြိတိန်တပ်ဖွဲ့ဝင် စုစုပေါင်း ၅၉ ဦး သေဆုံးခဲ့ရပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖေဖော်ဝါရီ ၁၀ရက်က ဘဂ္ဂဒက်မြို့တောင်ဘက်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အသင့်နေရာယူနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်ပြည်မှ ရင်ချင်းဆက်အမြွှာညီအစ်မ ခွဲစိတ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်

ပေကျင်း ဖေဖော်ဝါရီ ၁၄

တရုတ်ပြည်မှ တစ်လသားအရွယ် ရင်ချင်းဆက်အမြွှာညီအစ်မနှစ်ဦးအား ယနေ့မနက်ပိုင်းမှ စတင်ပြီး နိုင်ငံမြောက်ပိုင်း ဟာဘောပြည်နယ်ရှိ ဆေးရုံတွင် ခွဲစိတ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါကလေးငယ်နှစ်ဦးသည် ရင်ဘတ်မှ ဝမ်းဗိုက်ထိ ဆက်စပ်နေပြီး နာရီပေါင်းအတော်ကြာအောင် ခွဲစိတ်ကုသမှုခံယူကြရဖွယ်ရှိသည်။ သာမန်တောင်သူလယ်သမားမိသားစုမှ မွေးဖွားလာသည့် ယင်းအမြွှာ ညီအစ်မနှစ်ဦးသည် မျက်နှာချင်းဆိုင်အနေအထားဖြင့် တစ်ဖက်တည်းကိုသာ တစ်ချိန်လုံးလဲလျောင်းနေကြရသည်။

မကွဲပြားသေး

ကနဦးစစ်ဆေးချက်များအရ ကလေးငယ်နှစ်ဦးသည် အသည်းချင်းဆက်စပ်နေကြသည်။ အဆိုပါ ဆက်စပ်နေသည့် အသည်းများကို ခွဲစိတ်ဖယ်ရှားရေးသည် ခွဲစိတ်မှုလုပ်ငန်း တစ်ခုလုံးအောင်မြင်ရန် အရေးအကြီးဆုံး ဖြစ်ဖွယ်ရှိသည်။ ကလေးငယ်နှစ်ဦး၏ အသည်းသည် တစ်ခုတည်းလော သို့မဟုတ် အသည်းနှစ်ခုဆက်နေခြင်းလော ဆိုသည်ကို မကွဲပြားသေးကြောင်း ခွဲစိတ်ပါရဂူများက ပြောကြားသည်။

ဦးတည်နိုင်

ရင်ချင်းဆက်အမြွှာနှစ်ဦးအနက်တစ်ဦးတွင် နှလုံးအားနည်းချို့ယွင်းသည့် အနေအထားရှိနေမှုကြောင့် အဆိုပါ အခြေအနေသည် အဆုတ်နှင့် အခြားကိုယ်တွင်း အင်္ဂါအစိတ်အပိုင်းများကိုပါ ရှုပ်ထွေးမှုဖြစ်အောင် ဦးတည်နိုင်ကြောင်းလည်း ပြောကြားသည်။

ခွဲစိတ်မှုအောင်မြင်ပြီး အသက်ရှင်နေလျှင် အမြွှာညီအစ်မနှစ်ဦးသည် ဆေးကုသရေးအဖွဲ့က မကြာခဏ အနီးကပ်စောင့်ရှောက်ပေးမှုခံယူနေရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု စီစီတီဗွီသတင်းဌာနက ဖော်ပြသည်။ ***စီစီတီဗွီ။***

ဗုဒ္ဓပူဇနိယ ပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ရှေးဟောင်းသမိုင်းဝင် သော်ကပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၅ ခု တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ပူဇော်ကျင်းပမည် ဖြစ်သည်။

(က-ပ)

ပြည်ခြေရှိတား၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

စီးပွားရေးပိတ်ဆို့မှုများဟာ ဒီမိုကရေစီ ထွန်းကားရေးအတွက် အပြုပိုင်းမဟုတ်

အောင်မိုးခံ

ဒီကနေ့လို အမေရိကန်နဲ့အနောက်အုပ်စု အပေါင်းပါနိုင်ငံတွေရဲ့ စီးပွားရေးဆုတ်ယုတ်ကျဆင်းအောင်လုပ်မှ (စီးပွားရေးပိတ်ဆို့မှ) ဒီမိုကရေစီထွန်းကားမယ်ဆိုတဲ့မူဝါဒကို ကမ္ဘာ့သမိုင်းဖြစ်စဉ်က လက်မခံပါ။ လူ့သမိုင်းဖြစ်ပေါ်တိုးတက်ရေး တရားကလည်း လက်မခံပါ။ စီးပွားရေးကုန်လုပ်စွမ်းအားစုတွေဆုတ်ယုတ်ပျက်ပြားကျဆင်းနေတဲ့ နိုင်ငံတွေမှာ ဒီမိုကရေစီထွန်းကားလေ့မရှိလို့ဖြစ်ပါတယ်။ "မဖွံ့ဖြိုးသေးတဲ့နိုင်ငံတစ်ရပ်တွင် ခိုင်မာတဲ့ဒီမိုကရေစီစနစ်တစ်ရပ်ချက်ချင်းအမြစ်တွယ် တည်ဆောက်ကျင့်သုံးနိုင်တယ်ရယ်လို့ သမိုင်းမှာမကြုံဖူးသေးပါ။ နိုင်ငံများဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်းနဲ့စာပေတတ်မြောက်မှု အဆင့်မြင့်လာတဲ့အချိန်ကျမှသာ အခြေခံစားဝတ်နေမှုအခွင့်အရေးတွေ တူညီသလောက်ရလာတဲ့အချိန်ကျမှသာ ဒီမိုကရေစီ အပြည့်အဝကျင့်သုံးမှုဟာ စတင်လေ့ရှိတယ်။ ဒါ့အပြင် အခြားကြိုတင်လိုအပ်ချက်တွေကတော့ လူထုလွတ်လပ်မှု၊ တရားဥပဒေစိုးမိုးမှုနဲ့ လူထုကိုယ်စားလှယ်ပြုနိုင်ငံရေးဖွဲ့စည်းအုပ်ချုပ်မှု (Effective Responsive Political in Stitutions) တွေမှာ ကျင့်သားရရှိပြီး ခိုင်မာနေဖို့လိုတယ်"ဆိုတဲ့ လူမှုသိပ္ပံတရားကြောင့်ဖြစ်ပါတယ်။

ဒါကြောင့် ဒီမိုကရေစီအမြန်ဆုံးထွန်းကားလာဖို့အတွက် မြန်မာနိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့အရေးယူတယ်ဆိုတဲ့ အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေရဲ့ အကြောင်းပြချက်ဟာလည်း အရသာမဟုတ်၊ လက်တွေ့မှာ အဆိပ်သာဖြစ်နေပါတယ်။ ဆိုလိုတာက ဒါဟာ ဒီမိုကရေစီနဲ့ ပိုမိုအလှမ်းဝေးတဲ့ လမ်းကိုတွန်းပို့သလိုဖြစ်နေပါတယ်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့ထုတ် အင်တာနေရှင်နယ် ဟာရယ်ထရီဗျူးသတင်းစာပါ မြန်မာအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုတွေ အလုပ်မဖြစ်ပါ (Sanctions don't work-by Nicholas D Kristorf) ဆောင်းပါးတွင် အခုလိုဖော်ပြခဲ့ပါတယ်။

"ဘုရှ်အစိုးရဟာ ကျူးဘား၊ ဆီးရီးယား၊ မြောက်ကိုရီးယားနဲ့ မြန်မာနိုင်ငံတို့ကိုနည်းမျိုးစုံနဲ့ ပိတ်ဆို့အရေးယူမှုတွေ ပြုလုပ်နေပါတယ်။ လွှတ်တော်အတွင်းက ဒီမိုကရက်အမတ်များကလည်း မြန်မာနိုင်ငံမှ သွင်းကုန်တွေပိတ်ပင်ရေးကို ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့ကြတယ်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်ကာလအတွင်း အမေရိကန်ဟာ နိုင်ငံရပ်ခြား တိုင်းပြည်များအပေါ် မိမိတစ်နိုင်ငံတည်းက စီးပွားရေးပိတ်ဆို့ အရေးယူမှုအသစ်တွေ (၈၅)ကြိမ်ပြုလုပ်ခဲ့ပါတယ်။ ဒါတွေကြောင့် ၁၉၉၅ ခုနှစ် တစ်နှစ်တည်းမှာပင် အမေရိကန်ကုမ္ပဏီများအဖို့ ဒေါ်လာ ၁၉ ဘီလီယံနစ်နာမှုဖြစ်ပွားခဲ့ပြီး မိမိတို့ကူညီဖို့ရည်စူးတဲ့ လူထုများကိုသာ အထိနာစေခဲ့ပါတယ်။

ပြီးခဲ့တဲ့လမှာတော့အမေရိကန်လွှတ်တော်နှစ်ရပ်ပေါင်းဟာကျူးဘားနိုင်ငံသို့ ခရီးသွားလာရေး ပိတ်ပင်မှုကို လျှော့ချဖို့ သဘောတူခဲ့ကြတယ်။ ဒါဟာ ကျူးဘားပြည်သူတွေကိုသာ ထိခိုက်စေပြီး ဖီဒယ်ကက်စထရိုအဖို့ မိမိရဲ့စီးပွားရေးစီမံချက်များ မအောင်မြင်မှုအတွက် တရားခံအငှားရှာလို့ရစေတဲ့ စီးပွားရေးပိတ်ဆို့မှုတွေကို အမေရိကန်က ရုပ်သိမ်းမယ့်အလားအလာအချို့ ပေါ်လာတာဖြစ်ပါတယ်။ အခုနှစ်တွင် ရီပတ်ဗလီကင်ရော ဒီမိုကရက်အမတ်များပါ မြန်မာနိုင်ငံအပေါ် အရေးယူမှုအသစ်တွေ တိုးမြှင့်ပြဋ္ဌာန်းဖို့ ဆန္ဒမဲပေးခဲ့ကြပါတယ်။ ကျူးဘားတွင် အနှစ် ၄၀ ကျော်၊ အီရတ်တွင် ၁၂ နှစ်ခန့်နဲ့ ပြီးခဲ့တဲ့ ၁၄ နှစ်အတွင်း မြန်မာနိုင်ငံအပေါ် အနောက်ရဲ့ ပိတ်ဆို့မှုတွေဟာ မအောင်မြင်ကြောင်း လက်တွေ့ဘဝက ပြသနေပါတယ်။ အီရတ်ကို လက်နက်ရောင်းချမှုပိတ်ပင်ရေးနဲ့ ကုလသမဂ္ဂရဲ့ ကြီးကြပ်စစ်ဆေးမှုများကသာ တစ်စုံတစ်ရာအောင်မြင်မှုတွေရခဲ့ပြီး စီးပွားရေးပိတ်ဆို့မှုတွေကတော့ ကလေးသူငယ်တွေကိုသာ သေဆုံးပျက်စီးစေခဲ့ပါတယ်။ ကုလသမဂ္ဂကလေးသူငယ်ရန်ပုံငွေအဖွဲ့ရဲ့ စစ်တမ်းတစ်စောင်အရ ပိတ်ဆို့အရေးယူမှုများဟာ ကလေးသူငယ် ငါးသိန်းခန့် သေဆုံးစေခဲ့တယ်လို့ ဖော်ပြခဲ့ဖူးပါတယ်။ ဒါဟာတစ်စုံတစ်ရာ ချဲ့ကားထားတယ်လို့ ပြောနိုင်စရာရှိပေမယ့် အရေးယူပိတ်ဆို့မှုတွေဟာ အီရတ်ကလေးသူငယ်တွေ အာဟာရချို့တဲ့မှုနဲ့ သေဆုံးနှုန်းကို တိုးပွားစေခဲ့တာကတော့ သံသယ ရှိစရာမလိုပါ"

အမေရိကန်အစိုးရအစီရင်ခံစာအရ မြန်မာသွင်းကုန်တွေကို ပိတ်ပင်လိုက်မှုကြောင့် အထည်ချုပ်အလုပ်သမ ၃၀၀၀၀ မှ ၄၀၀၀၀ အထိ အလုပ်လက်မဲ့ဖြစ်ကုန်ပြီး အခြားအသက်မွေးဝမ်းကျောင်း အလုပ်မရရှိလို့ အချို့ အမျိုးသမီးငယ်တွေ ပြည့်တန်ဆာဘဝကို ရောက်ရှိသွားနိုင်စရာရှိတယ်လို့ ဆက်လက်ဖော်ပြထားတယ်။ "အမေရိကန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ရစ်ချတ်ဘောက်ချာက အလုပ်လက်မဲ့ဖြစ်သွားတဲ့ အမျိုးသမီးငယ်အချို့ဟာ ပြည့်တန်ဆာအလုပ်ဘက်ကို ရောက်သွားနိုင်မယ်ဆိုတာ ယုံကြည်ရပါတယ်။ ဒါပေမယ့် ပြည်သူတစ်ရပ်လုံး ရေရှည်ကောင်းစားဖို့ စီးပွားရေးပိတ်ဆို့ရတာပါလို့ ရှင်းလင်းခဲ့ပါတယ်။ လောလောဆယ် အဖြေပေါ်တာကတော့ အမေရိကန်စီးပွားရေး ပိတ်ဆို့မှုဟာ လူတစ်သိန်းလောက် အလုပ်လက်မဲ့ဖြစ်စေပြီး တပ်မတော်ခေါင်းဆောင်များကတော့ ဘေးမသီရန်မခ အခြေအနေမှာ ရှိနေတာပါပဲ" ဒါ့အပြင် ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့ အမေရိကန်အစိုးရ သတင်းစာရှင်းလင်းပွဲတစ်ခုမှာ သတင်းထောက်တစ်ဦးက အမေရိကန်အစိုးရရဲ့ မြန်မာနိုင်ငံဆိုင်ရာ ဒုတိယခြောက်လပတ် အစီရင်ခံစာတွင် ဩဂုတ်လအတွင်းက ချမှတ်ခဲ့တဲ့ အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့ အရေးယူမှုကြောင့် မြန်မာအမျိုးသမီးအထည်ချုပ်အလုပ်သမ ၃၀၀၀၀ မှ ၄၀၀၀၀ အထိ အလုပ်လက်မဲ့ဖြစ်ကုန်ပြီး၊ အချို့ဟာ ပြည့်တန်ဆာလုပ်ငန်းဘက်ကိုတောင် ရောက်ကုန်တယ်လို့ ပါရှိပါတယ်။ ဒီလိုဖြစ်ရတာဟာ ကုလသမဂ္ဂကြီးတွင် အမေရိကန်သမ္မတဘုရှ်က လိင်ကုန်ကူးမှု (Sex Trafficking) ကမ္ဘာ့အကြီးမားဆုံး လူမှုဒုက္ခကြီးဖြစ်တယ်၊ ဒါကိုပပျောက်အောင်လုပ်ရမယ်လို့ အဆိုပြုသွားတာနဲ့ ရှေ့စကားနဲ့ နောက်စကား ညီညွတ်ပါရဲ့လားလို့ မေးတဲ့အခါ ပြောရေးဆိုခွင့်ရှိသူ မစ္စတာဘောက်ချာက အဲဒီအစီရင်ခံစာတွေကို ကျွန်တော်သေသေချာချာပြန်လေ့လာပါဦးမယ်။ မြန်မာနိုင်ငံအပေါ် အရေးယူမှုလုပ်တာကတော့ မှန်ကန်တဲ့အလုပ်ပါ၊ မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် နစ်နာမှုရှိမယ်ဆိုတာလည်း သဘောပေါက်ပါတယ်။ အဓိကရည်ရွယ်တာက အစိုးရအပေါ်မှာပါလို့ --- ဖြေခဲ့ပါတယ်။

အစိုးရနဲ့ပြည်သူဆိုတာ ရေမြင့်ကြာတင့်ဖြစ်ပါတယ်။ မနေမနားနိုင်ငံထူထောင်နေတဲ့ အစိုးရကိုထိခိုက်ရင်လည်း ပြည်သူကို ထိခိုက်တာပါ။ ပြည်သူကိုထိခိုက်ရင်လည်း အစိုးရကို ထိခိုက်တာပါပဲ၊ အခုလို စီးပွားရေးပိတ်ဆို့အရေးယူမှုကြောင့် ပြည်သူတွေ ထိခိုက်နစ်နာတယ်ဆိုတာကို အမေရိကန်အစိုးရရဲ့ အစီရင်ခံစာမှာ ကိုယ်တိုင် ဖော်ပြထားပါရက်နဲ့ မြန်မာနိုင်ငံအပေါ် ဆက်လက်ပိတ်ဆို့ အရေးယူနေမှုဟာ ဘယ်လိုနည်းနဲ့မှ ပြည်သူကောင်းစားရေး၊ ဒီမိုကရေစီရေးအတွက် မဟုတ်ဘူးဆိုတာကို ထင်ရှားစေခဲ့ပါတယ်။

ဒါကြောင့် ဘယ်သူတွေ ဘယ်လောက်ပင် မြန်မာ့အရေးပျက်ပြားအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲအောင်လုပ်ပေမယ့် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူတစ်ရပ်လုံးအဖို့ ကိုယ့်အရေးကိုယ်သာ တိုးတက်အောင်ဖန်တီးသွားရမှာဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝစွာ မိမိတို့ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကိုသာ အစဉ်ရှေးရှုကြိုးပမ်းသွားရမှာဖြစ်ပါတယ်။ အဲဒီလိုကြိုးပမ်းရာတွင် ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို တစ်မျိုးသားလုံးစည်းလုံးညီညွတ်စွာခံယူကျင့်သုံးသွားဖို့ ဖြစ်ပါတယ်။ ဒါတွေကတော့---

- ** ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ** တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။
- ** ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ** နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အားနှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
- ** နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

မကြာသေးခင် ဇန်နဝါရီလ ၃၀ ရက်နေ့ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)မှာ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ်၊ ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲ အခမ်းအနားမိန့်ခွန်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း အခုလိုပဲ ပြောကြားသွားခဲ့ပါတယ်–

"ဤသို့အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ ဖြစ်ထွန်းနေမှု၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်နိုင်မှုများကြောင့် မြန်မာနိုင်ငံအပေါ် ချစ်ကြည်ရင်းနှီးမှု၊ နားလည်စာနာမှုနှင့် စိတ်ကောင်းစေတနာထားရှိမှုတို့ကို ပိုမိုဖြစ်ထွန်းစေနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ထို့ကြောင့်လည်း အနောက်နိုင်ငံများက ဖိအားအမျိုးမျိုးပေးခဲ့သော်လည်း အာဆီယံနိုင်ငံများက မြန်မာနိုင်ငံဘက်မှ ပြတ်သားစွာရပ်တည်ပြီး ဘာလီကျွန်း၌ကျင်းပသည့် ထိပ်သီးညီလာခံကြေညာချက်တွင် အာဆီယံနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ဖော်ဆောင်ရေး အစီအစဉ်ကို ထောက်ခံအားပေးသင့်ကြောင်း၊ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများသည် ဒီမိုကရေစီစနစ်ပေါ်ပေါက်လာရေးအတွက် အထောက်အကူ မဖြစ်နိုင်ကြောင်းဖြင့် အတိအလင်းထုတ်ပြန်ကြေညာခဲ့ကြခြင်းဖြစ်ကြောင်း၊ အလားတူပင် ဂျပန်နိုင်ငံခရီးစဉ်အတွင်းတွင်လည်း ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီတည်ဆောက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ကူညီပံ့ပိုးသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်လည်းရှိကြောင်း။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အရှေ့တောင်အာရှနှင့် တောင်အာရှဒေသများကို ဆက်သွယ်ပေးသည့် အချက်အချာနေရာဒေသဖြစ်သည့်အတွက် ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာနိုင်သည်နှင့်အမျှ မိမိနိုင်ငံအတွက်ရော ဒေသတွင်းနိုင်ငံများအတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်း"

ဒါကြောင့် အခုလိုနိုင်ငံတော်မှ ရှေ့လုပ်ငန်းစဉ် (၇)ရပ်ချမှတ်ပြီး အမျိုးသားပြန်လည် သင့်မြတ်စည်းလုံးရေး၊ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရေးကြိုးပမ်းနေချိန်တွင် အမေရိကန်နဲ့အနောက်အုပ်စုအပေါင်းအပါတွေရဲ့ **စီးပွားရေး ပိတ်ဆို့မှုများဟာ ဒီမိုကရေစီထွန်းကားရေးအတွက် အပြုပိုင်းမဟုတ်။** အဖျက်ပိုင်းသာဖြစ်တယ်ဆိုတာကို တင်ပြလိုက်ရပါတယ်။ ။

ဇီးကုန်းမြို့နယ်အသင်း (ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ကုန်သွယ်/လယ်ယာဓမ္မာရုံ ကြားတောရလမ်း ဗဟန်းမြို့နယ် (ရွှေတိဂုံစေတီတော်အရှေ့ဘက်စောင်းတန်း)တွင် ကျင်းပမည်ဖြစ်သည်။

ဇီးကုန်းမြို့နယ်သူ၊ မြို့နယ်သားအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန်ဖိတ်ကြားနိုးဆော်ထားသည်။

ဆက်သွယ်ပေးပို့

အသက်(၈၀)နှစ်နှင့်အထက် အသင်းဝင်များနှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိသူများနှင့် ပညာရည်ချွန်အတန်းလိုက်ဆုရရှိသည့် အသင်းဝင်များ၏ သားသမီးများ လိုအပ်သောအမှတ်စာရင်း အထောက်အထားများနှင့်အတူ မတ် ၇ ရက်နောက်ဆုံးထား၍ ဦးအုန်းကျော် ဖုန်း–၅၇၃၀၂၁၊ ဦးကျော်ဝင်း ဖုန်း–၂၀၀၀၂၉၊ ၂၀၂၉၉၁၊ ဦးထွန်းအောင် ဖုန်း–၅၀၁၅၃၆၊ ဦးအေးလှိုင် ဖုန်း–၅၂၇၀၄၀၊ ဦးသန်းအောင် ဖုန်း ၂၄၇၆၆၅၊ ဦးညွန့်စိန် ဖုန်း–၅၈၄၇၁၅၊ ဦးခင်ရွှေ ဖုန်း–၂၅၂၅၉၃၊ ဒေါ်သန်းအိ ဖုန်း–၅၀၀၄၄၇၊ ဒေါ်မြင့်မြင့်တူး ဖုန်း–၅၂၄၆၂၉၊ ဒေါ်သန်းသန်းအေး ဖုန်း–၅၃၅၉၄၇တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၂၅** ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၀** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** Organization of Nervous System
- **၅:၃၀** ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "မောင့်ရွှေနဖာစူး မယ့်ရွှေနဖူးစာ" (အပိုင်း–၈)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း–၁၂)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ပုညကုသလအသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အငြိမ်းစား ပုညကုသလအသင်း၏ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ဦးထောင်ဘိုလမ်း အမှတ်(၁)ရှိ ရဲခန်းမှာရုံတွင် ကျင်းပမည်ဟု သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနင်္သာရီတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၃ရက် မွန်းလွဲ ၁နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တနင်္သာရီတိုင်း မြိတ်မြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူး ဗိုလ်မှူးချုပ် အုန်းမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ခင်မောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မြိတ်-ထားဝယ် လမ်းပေါ်ရှိ မြိတ်-ကျွဲကူး-ကျောက်ဖျာ-သပွတ်-ပင်အို-ဒေါ-ပပြင်-ဘုတ်ခြံလမ်းဖြစ်သည့် မြိတ်မြို့ ရှောင်ကွင်းလမ်းကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာရှိ စိုက်ပျိုးပညာပေးစခန်း၌ စိုက်ပျိုးထားသော နေ့စပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာရှိ စိုက်ပျိုးပညာပေးစခန်းတွင် နွေစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၄ရက်နံနက်၉နာရီခွဲတွင် လေကြောင်းခရီးဖြင့် မြိတ်မြို့မှ ကော့သောင်းလေဆိပ်သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ရှိ ယုဇနကုမ္ပဏီလီမိတက်၏ တန် ၃၀ ဆီကြိတ်စက်ရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ထို့နောက် ယုဇနကုမ္ပဏီလီမိတက်၏ တန် ၃၀ ဆီကြိတ်စက်ရုံ ပင်မအဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားနှင့်ယုဇနကုမ္ပဏီလီမိတက်၏ ပင်မရုံးအဆောက်အအုံ အုတ်မြစ်စိမင်္ဂလာအခမ်းအနားများကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် တန် ၃၀ ဆီကြိတ်စက်ရုံစီမံကိန်း လုပ်ငန်းခွင်ကို ရှုရပ်မှ ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ခမောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ခမောက်ကြီးတပ်နယ်အတွင်းရှိအရာရှိ စစ်သည် မိသားစုများအား တွေ့ဆုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် ကော့သောင်းမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု မူဝါဒဆိုင်ရာ ဆွေးနွေးပွဲဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)တို့ ကြီးမှူးကျင်းပသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု မူဝါဒဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Grand Palaza Park Royal ဟိုတယ်၌ ကျင်းပရာ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ ဆွေးနွေးပွဲ တက်ရောက်ကြသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ လေ့ကျင့်ရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဌာနမှ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Dr. Raymond Krommeneck က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု မူဝါဒဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့မှစ၍ ဖေဖော်ဝါရီ ၁၉ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။(သတင်းစဉ်)

❀ အမျိုးသားညီလာခံမှ

စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သန်းဌေးနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှင်းလင်းမှာကြား

အစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ်များ အခြေအနေနှင့် ညီလာခံအတွက် လိုအပ်မည့် နေရာထိုင်ခင်းနှင့် ပစ္စည်းများ စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေး

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက လုပ်ငန်းကော်မတီ၏ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က စီမံခန့်ခွဲမှုကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ယနေ့ထုတ်ဆောင်ရေ
၁၉၆၈၄၅

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ်များ အခြေအနေ၊ ညီလာခံအတွက် လိုအပ်မည့်နေရာထိုင်ခင်းနှင့် ပစ္စည်းများ စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က စီမံခန့်ခွဲမှုကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

❒ ရှေ့ဖုံးမှ

မိုးညှင်းဒီဂရီကောလိပ် ဖွင့်ပွဲအခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးတင်ရှိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကချင်ပြည်နယ်မှ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြစ်ကြီးနားခရိုင်နှင့် မိုးညှင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိုးညှင်းဒီဂရီကောလိပ် ကျောင်းအုပ်ကြီးနှင့် ပါမောက္ခများ၊ တွဲဖက်ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘင်ခရာ၊ ပန်းဖွား၊ ကဗျာလွတ် အကအဖွဲ့နှင့် ကာယအလှအကအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

အဝင်မုခ်ဦးဖွင့်ပွဲ

ရှေးဦးစွာ မိုးညှင်းဒီဂရီကောလိပ် အဝင်မုခ်ဦး ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာမိုးညှင်းဒီဂရီကောလိပ်မှ ပထမနှစ် ရူက္ခဗေဒ အထူးပြု ကျောင်းသား မောင်ကျော်မင်းနှင့် ပထမနှစ် ရူပဗေဒအထူးပြု ကျောင်းသူ မစောနန်းဝတ်ရည်တို့က အဝင်မုခ်ဦးကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပင်မဆောင်ဖွင့်ပွဲ အစီအစဉ်ကို ပင်မဆောင်ရှေ့၌ ကျင်းပရာ ပထမနှစ် ဓာတုဗေဒ အထူးပြုကျောင်းသား မောင်နေမင်းထွေးနှင့် ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသူ မအိရွှေစင်တို့က ပင်မဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မိုးညှင်းဒီဂရီကောလိပ် ဖွင့်ပွဲအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ပင်မဆောင်ရှေ့၌ ကျင်းပရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ခရေပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေက ခရေပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် ဒုတိယဝန်ကြီးများက ခရေပင်နှင့်ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်းဒီဂရီကောလိပ် ဖွင့်ပွဲ အခမ်းအနားတွင် ပင်မဆောင်ရှိ ကမ္ဗည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဖွင့်လှစ်ပေး

ယင်းနောက်ပင်မဆောင်ရှိကမ္ဗည်းမော်ကွန်းကြေးပြား ဖွင့်လှစ်ခြင်းအစီအစဉ်ကို ကျင်းပရာ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းက စက်ခလုတ်နှိပ်၍ ကမ္ဗည်းမော်ကွန်းကြေးပြားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကမ္ဗည်းမော်ကွန်းကြေးပြားကို နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Computer Training Centre၊ စာရေးကိရိယာဆိုင်နှင့် Language Lab တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဘက်စုံသုံးခန်းမဆောင်၌ ဖွင့်ပွဲအစီအစဉ်များကို ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် ပင်မဆောင်ဖွင့်ပွဲ အခမ်းအနားဖြစ်သကဲ့သို့ ကောလိပ်တစ်ခု၏ ရှိသင့်ရှိထိုက်သော အင်္ဂါရပ်များ စုံလင်ပြီးဖြစ်သည့် မိုးညှင်းဒီဂရီကောလိပ်ကို ခံ့ညားထည်ဝါစွာ အသိအမှတ်ပြု ဖွင့်လှစ်ပေးသော အခမ်းအနားလည်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်းဒီဂရီကောလိပ် ဖွင့်ပွဲအခမ်းအနားတွင် စာသင်ဆောင်များအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရသည် အမိပြည်ထောင်စုကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘက်စုံကဏ္ဍစုံက လိုအပ်သော ပြုပြင်ပြောင်းလဲ တည်ဆောက်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စနစ်ဟောင်းတစ်ခုမှ စနစ်သစ်တစ်ခုကို အောင်မြင်ချောမွေ့စွာ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့်အခြေခံများ ပြည့်စုံအောင် အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်ရာ၌ ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကွဲနိမ့်မြင့်ကွာဟမှုများကို လျော့နည်းကျဆင်းပြီး ပြည်နယ်၊ တိုင်းအားလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်လာစေရေးသည် အဓိကအရေးပါသည့် အချက်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် လမ်း၊ တံတား၊ စွမ်းအင်၊ ဆက်သွယ်ရေး စသည့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဆက်ဆံရေး စသည့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်း၊ သစ်တော၊ သတ္တုစသည့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဒေသ၏လိုအပ်ချက်၊ ဒေသ၏ဖွံ့ဖြိုးမှုအလားအလာများနှင့်အညီ ပြည်နယ်၊ ပြည်မ၊ တောင်တန်းဒေသ မခွဲခြားဘဲ စနစ်တကျ စီမံကိန်းချမှတ် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံအဝှမ်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဆက်အစပ်မိမိ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေခြင်းသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီး၊ လူမျိုးစုအသီးသီး ဟန်ချက်ညီညီ၊ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားခိုင်မာနေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယနေ့ဆိုလျှင် ကချင်ပြည်နယ် အပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံးသည် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတို့ လွှမ်းခြုံလာပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား အပြန်အလှန်နားလည်မှု၊ စာနာမှု၊ ပူးပေါင်းမှုများ တိုးတက်ရရှိလာနေပြီဖြစ်ကြောင်း၊ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်မှုသည်လည်း ရှေးယခင်များနှင့်မတူ အလွန်ကောင်းမွန်သည့် အဆင့်ကို ခိုင်မြဲစွာရောက်ရှိနေပြီဖြစ်ကြောင်း၊ ကချင်ပြည်နယ်သည်လည်း ရာနှုန်းပြည့် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုရရှိနေသည့် ပြည်နယ်ဖြစ်နေပြီဖြစ်ကြောင်း။

ဤကဲ့သို့ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု ရရှိလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရသည် ကချင်ပြည်နယ်တစ်ခုလုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်ကြီးနားနှင့် ဗန်းမော်ဒေသတို့ကို ဖွံ့ဖြိုးရေးအထူးဒေသများအဖြစ် သတ်မှတ်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်ဖြင့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် အလေးပေးဆောင်ရွက်ခဲ့ကြောင်း။

ကချင်ပြည်နယ်၌ ၁၉၈၈ခုနှစ်တုန်းက မြစ်ကြီးနား ဒီဂရီကောလိပ် တစ်ခုသာရှိခဲ့ရာမှ မြစ်ကြီးနားတက္ကသိုလ်၊ ဗန်းမော် ဒီဂရီကောလိပ်၊ မြစ်ကြီးနား ပညာရေးကောလိပ်၊ မြစ်ကြီးနားအစိုးရနည်းပညာကောလိပ်၊ မြစ်ကြီးနား အစိုးရကွန်ပျူတာကောလိပ်၊ ဗန်းမော်အစိုးရနည်းပညာကောလိပ်၊ ဗန်းမော်အစိုးရ ကွန်ပျူတာကောလိပ်ဆိုပြီး တက္ကသိုလ်၊ ကောလိပ် ခုနစ်ခုထူထောင်ခဲ့ပြီဖြစ်ကြောင်း။

ဆက်လက်ပြီး ကချင်ပြည်နယ်၌ မိုးညှင်းဒေသသည် လူဦးရေများဆုံးဖြစ်ပြီး ဆန်စပါးသီးနှံ အပါအဝင် လယ်ယာစိုက်ပျိုးမှု အားကောင်းသည့်

ဒေသ၊ အချက်အချာကျသော
တစ်ခုအဖြစ် တည်ရှိသည်
မိုးညှင်းဒေသ၌လည်း ပ
ကျန်းမာရေးစသည် လူသာ
အမြစ် ဖွံ့ဖြိုးရေးကို အ
တိုးချဲ့ဆောင်ရွက်ပေးရန် နို
အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး
က လမ်းညွှန်ခဲ့ကြောင်း။

ထို့ကြောင့် မိုးညှင်းဒေသ
ကဲ့သို့ ဒီဂရီကောလိပ်နှင့် အစိ
လက်မှုသိပ္ပံတို့ တိုးချဲ့ပေါ်
ခြင်းဖြစ်ကြောင်း၊ ခြုံလိုက်လျှ
ပြည်နယ်တစ်ခုလုံး၌ တ
တစ်ခု၊ ဒီဂရီကောလိပ်နှင့်
ခုနစ်ခု၊ သိပ္ပံတစ်ခု စုစုပေါ
အထိ တိုးတက်ဖြစ်ထွန်းလ
ကြောင်း၊ တစ်နိုင်ငံလုံးနှင့် ခြုံ
ဆိုလျှင် ယခင်က တက္က
ကောလိပ် ၃၂ ခုရှိခဲ့ရာမှ ယခ
တက္ကသိုလ်၊ ဒီဂရီကော
ကောလိပ်ပေါင်း ၁၅၄ခုအထိ
ပြီး တက္ကသိုလ်၊ ကောလိပ်
ကျောင်းသားပေါင်း ကိုးသိန်း
အထိ မြင့်မားတိုးတက်လာ
ကြောင်း။

ဤကဲ့သို့ အဆင့်မြ
သင်ကြားသူ သိန်းချီများပြား
သည် အဆင့်မြင့်ပညာသင်
အခွင့်အလမ်းများကို ဒေသ
တိုးချဲ့ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်
တစ်နည်းအားဖြင့် ပြည်နယ
၁၄ ခု၌ ဖွံ့ဖြိုးရေးဒေသကြီ
သတ်မှတ်ပြီး တက္ကသိုလ်၊
များကို တိုးချဲ့ထူထောင်ခဲ့
လူဦးရေထူထပ်ပြီး အချက်အ
သော မြင်းခြံ၊ မိုးညှင်းစသည့်
သော ဒေသများ၌လည်း တက
ကောလိပ်များကို တိုးချဲ့ဖွင့်
ခြင်းကြောင့်ဖြစ်ကြောင်း။

မွေးထုတ်နိုင်မည်

ဒေသအလိုက် ဖွင့်လှစ်ထ
ယခုကဲ့သို့ တက္ကသိုလ်၊ ကော
ကြောင့် ဒေသအလိုက်တွင် အ
ပညာကို လက်လှမ်းတမီ
သင်ကြားလိုသူများအတွက်
အလမ်း ပွင့်သွားပြီဖြစ်သကဲ့
ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ
အေးချမ်းရေးကို စော
ထိန်းသိမ်း သယ်ဆောင်
ပညာရှင်များကိုလည်း ဒေသ
မွေးထုတ်နိုင်တော့မည်ဖြစ်
ယနေ့ ကမ္ဘာသည် သ
ဆက်သွယ်ရေးဆိုင်ရာ နည

**၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို
အားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်းဒီဂရီကောလိပ်
အခမ်းအနားတွင် ပင်မဆောင်ကို ပထမနှစ် ဓာတုဗေဒကျောင်
မောင်နေမင်းထွေးနှင့် ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသူ မအိ
တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (သတ



ဒေသ၊ အချက်အချာကျသည့် ဒေသတစ်ခုအဖြစ် တည်ရှိသည့်အတွက် မိုးညှင်းဒေသ၌လည်း ပညာရေး၊ ကျန်းမာရေးစသည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့ကို အလေးထားတိုးချဲ့ဆောင်ရွက်ပေးရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ခဲ့ကြောင်း။

ထို့ကြောင့် မိုးညှင်းဒေသ၌ ယခုကဲ့သို့ ဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့ တိုးချဲ့ပေါ်ထွက်လာခြင်းဖြစ်ကြောင်း၊ ခြုံလိုက်လျှင် ကချင်ပြည်နယ်တစ်ခုလုံး၌ တက္ကသိုလ်တစ်ခု၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ခုနစ်ခု၊ သိပ္ပံတစ်ခု စုစုပေါင်း ကိုးခုအထိ တိုးတက်ဖြစ်ထွန်းလာပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးနှင့် ခြုံပြောမည်ဆိုလျှင် ယခင်က တက္ကသိုလ်နှင့် ကောလိပ် ၃၂ ခုရှိခဲ့ရာမှ ယခုဆိုလျှင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၄ခုအထိ ရှိလာခဲ့ပြီး တက္ကသိုလ်၊ကောလိပ် ကျောင်းသူ၊ ကျောင်းသားပေါင်း ကိုးသိန်းနီးပါးခန့်အထိ မြင့်မားတိုးတက်လာနေပြီဖြစ်ကြောင်း။

ဤကဲ့သို့ အဆင့်မြင့်ပညာသင်ကြားသူ သိန်းချီများပြားလာခြင်းသည် အဆင့်မြင့်ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများကို ဒေသအလိုက် တိုးချဲ့ဖွင့်လှစ်ပေးခဲ့၍ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ပြည်နယ်၊ တိုင်း ၁၄ ခု၌ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်ပြီး တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ထူထောင်ခဲ့သကဲ့သို့ လူဦးရေထူထပ်ပြီး အချက်အချာကျသော မြင်းခြံ၊ မိုးညှင်းစသည့် ထူးခြားသော ဒေသများ၌လည်း တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းကြောင့်ဖြစ်ကြောင်း။

မွေးထုတ်နိုင်မည်

ဒေသအလိုက် ဖွင့်လှစ်ထားသည့် ယခုကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကြောင့် ဒေသအလိုက်တွင် အဆင့်မြင့်ပညာကို လက်လှမ်းတမီ ပညာသင်ကြားလိုသူများအတွက် အခွင့်အလမ်း ပွင့်သွားပြီဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးကို စောင့်ရှောက်ထိန်းသိမ်း သယ်ဆောင်သွားမည့် ပညာရှင်များကိုလည်း ဒေသအလိုက် မွေးထုတ်နိုင်တော့မည်ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာသည် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာ

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်းဒီဂရီကောလိပ် ဖွင့်ပွဲအခမ်းအနားတွင် ပညာရေးငွေပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၂၀၀ကို Ever Green ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ခေတ်ကို ကြီးမားသော အရှိန်အဟုန်ဖြင့် ကူးပြောင်းနေပြီဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံတိုင်းသည် ဤအရှိန်အဟုန်ကို အမီလိုက်နိုင်ရန် မိမိတို့၏ ပညာရေးစနစ်ကို အမြန်ပြုပြင်ပြောင်းလဲ တည်ဆောက်လျက်ရှိကြကြောင်း၊ ပညာရေးစနစ်သည် ခေတ်နှင့်အညီ ပေါ်ထွန်းလာသည့် နည်းပညာကို အချိန်နှင့်တစ်ပြေးညီ အသုံးချနိုင်မည့် အသိပညာ၊ အတတ်ပညာမြင့်မားသော လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် မူလတန်းပညာ လူတိုင်းတတ်မြောက်ရေး၊အလယ်တန်းပညာ လူတိုင်းတတ်မြောက်ရေး၊ အထက်တန်းပညာ လူတိုင်းတတ်မြောက်ရေးဆိုသည့် ရည်မှန်းချက်များဖြင့် ရောင့်ရဲတင်းတိမ်နေ၍ မဖြစ်တော့ဘဲ အဆင့်မြင့်ပညာကို လူတိုင်းလက်လှမ်းတမီသင်ယူနိုင်ရန် ယခုကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကို ဒေသအလိုက် တိုးချဲ့ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

ကြိုးစားလုပ်ဆောင်

မိုးညှင်းဒီဂရီကောလိပ်သည် နိုင်ငံတော်၏ ရေရှည်မျှော်မှန်းချက်များကို ဖြည့်ဆည်းနိုင်သည့် ကောလိပ်ဖြစ်အောင် အသွင်သဏ္ဌာန်အရသာမက အနှစ်သာရအရပါ ထိထိရောက်ရောက် ကြိုးစားလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း။

အခြေခံပညာကဏ္ဍ

ကချင်ပြည်နယ်၏ အဆင့်မြင့်ပညာရေးကဏ္ဍ လိုအပ်ချက်များနှင့် ချိတ်ဆက်မိရန်အတွက် အခြေခံပညာကဏ္ဍ၌လည်း ဖြည့်ဆည်းစီမံ အဆင့်မြှင့်လျက်ရှိကြောင်း၊ ယခင်က အထက်တန်းကျောင်း ၃၀ ရှိခဲ့ရာမှ ယခု အထက်တန်းကျောင်း ၄၆ ကျောင်း၊ အထက်တန်းကျောင်းခွဲ ကိုးကျောင်း၊ တွဲဖက်အထက်တန်းကျောင်း ၁၅ ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်သကဲ့သို့ အလယ်တန်းကျောင်း ၆၈ ကျောင်းမှ ၈၂ ကျောင်း၊ မူလတန်းကျောင်း ၁၀၈၀ ကျောင်းမှ ၁၁၈၄ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၁၄ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း။

ပညာရေးနှင့် ဆက်စပ်နေသည့် ဆက်သွယ်ရေးနှင့် ပြန်ကြားရေးအပိုင်း၌လည်း ယခင်ကတယ်လီဖုန်းအိတ်ချိန်း ၁၂ခုရှိခဲ့ရာမှ တယ်လီဖုန်းအိတ်ချိန်း ၃၈ခု၊ ဂြိုဟ်တုစခန်းငါးခု၊ မိုက်ကရိုဝေ့ဗ် ၁၃ခု၊ ကျေးလက်ဆက်သွယ်ရေးစခန်း ၁၂ခု၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်ရုံ ၁၈ခုအထိ တိုးချဲ့ထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်ရေးအတွက် လိုအပ်သည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များပေါ်ထွက်လာရေးကို မျှော်မှန်းပြီး တိုးချဲ့ဖွင့်လှစ်လိုက်သည့် မိုးညှင်းဒီဂရီကောလိပ်သည် စွမ်းရည်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်နိုင်အောင် ကြိုးစားကြပါ၊ ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ ဒေသ၏ လိုအပ်ချက်၊ နိုင်ငံတော်၏ လိုအပ်ချက်များကို အမှန်တကယ် ဖြည့်ဆည်းထမ်းဆောင်နိုင်သည့်အဆင့်အတန်းရှိသော ကောလိပ်ဖြစ်အောင် ကြိုးစားကြပါဟုမှာကြားသည်။

ထို့နောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်

စီးပွားကူးသန်း ရှေ့သို့လှမ်း

မောင်မောင်ဆွေက အမှာစကားပြောကြားရာ၌ မိုးညှင်းဒီဂရီကောလိပ် တည်ဆောက်ရေးအတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ၂၀၀၃ခုနှစ် ဇွန် ၅ရက်တွင် ကျင်းပခဲ့ပြီး အဆောက်အအုံကို စတင်ဆောက်လုပ်ခဲ့ကြောင်း၊ မိုးညှင်းဒီဂရီကောလိပ်ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် စတင်ဖွင့်လှစ်ပေးပြီး ပညာစတင် သင်ကြားပေးခဲ့ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သင်ယူသွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က အမှာစကားပြောကြားရာတွင် မိုးညှင်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် နိုင်ငံ့သားကောင်း ပညာရှင်များ ဖြစ်လာအောင် ကြိုးစားပြီး ပညာသင်ကြားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်းဒီဂရီကောလိပ် ဖွင့်ပွဲအခမ်းအနားတွင် IT ကုမ္ပဏီများ၏ ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေး၏ အခြေခံအကျဆုံး၊ အခိုင်မာဆုံးစွမ်းအားဖြစ်သည့် ပညာရေးကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း။

လေ့လာသင်ယူ

ထို့ကြောင့် ဆရာ၊ ဆရာမများကလည်း ပညာရေးကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် ကြိုးပမ်းသွားကြရမည် ဖြစ်သကဲ့သို့ ကျောင်းသား၊ ကျောင်းသူများကလည်း ဘာသာရပ်အလိုက် ထူးချွန်ထက်မြက် တတ်ကျွမ်း နားလည်အောင် လေ့လာဒေသဖွံ့ဖြိုးရေး၊ ဒေသအလိုက် အရည်အချင်းပြည့်မီသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ မိုးညှင်းဒီဂရီကောလိပ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် သယ်ပိုးထမ်းဆောင်ကြမည့် ပညာရှင်များ ဖြစ်ပေါ်လာအောင် ဆရာ၊ဆရာမများအနေဖြင့် သင်ကြားပို့ချပေးကြရန်ဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင်လည်း အစဉ်သင်ယူလေ့လာနေဆဲ ပုဂ္ဂိုလ်များအဖြစ် ဆက်လက်လေ့လာ ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ကျောင်းသူများကလည်း မိမိဒေသနှင့် နိုင်ငံတော်

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်းဒီဂရီကောလိပ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် ပထမနှစ် ပထဝီဝင် အထူးပြုကျောင်းသူ မနန်းလွှင်လွှင်အေးက မိုးညှင်းဒေသတွင် ခံ့ညားထည်ဝါလှသည့် မိုးညှင်းဒီဂရီကောလိပ် တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက်လည်းကောင်း၊ အဆင့်မြင့်ပညာများကို ရပ်ဝေးသို့ မသွားရဘဲ ဒေသ၌ပင် စရိတ်ကုန်ကျမှု သက်သာစွာဖြင့် ပညာသင်ကြားခွင့်ရရှိခြင်းအတွက်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရန် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

...ာက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသော ...ညှင်းမြို့နယ် မိုးညှင်းဒီဂရီကောလိပ် ဖွင့်ပွဲ ...ဝင်ကို ပထမနှစ် ဓာတုဗေဒကျောင်းသား ...စ် မြန်မာစာအထူးပြု ကျောင်းသူ မအိရွှေစင် ...းကြစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၉ မှ

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံ မိုးညှင်းဒီဂရီကောလိပ်ပညာရေး ငွေပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၂၀၀ကို Ever Green ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေကပေးအပ်ရာ အတွင်းရေးမှူး(၁)က လက်ခံပြီး ကျောင်းအုပ်ကြီး ဦးသန်းညွန့်အား လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မိုးညှင်းဒီဂရီကောလိပ် ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များကို အတွင်းရေးမှူး(၁)၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များအား ကျောင်းအုပ်ကြီးက ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားအစီအစဉ်များ ကျင်းပပြီးစီးသွားသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် IT ကုမ္ပဏီများ၏ပြခန်းကိုလည်းကောင်း၊ စာအုပ်ပြခန်းကိုလည်းကောင်းကြည့်ရှုစစ်ဆေးကြသည်။

စုပေါင်းဓာတ်ပုံရိုက်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဒေသခံ တိုင်းရင်းသားတိုင်းရင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပင်မဆောင်ရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

မိုးညှင်းဒီဂရီကောလိပ် ပင်မဆောင်မှာ အလျား ၃၈၅ပေ၊ အနံ ၂၂၈ပေ ရှိသည်။

ပင်မဆောင်တွင် စာသင်ခန်း ၁၇ ခန်း၊ ကွန်ပျူတာခန်းလေးခန်း၊ Language Lab တစ်ခန်း၊ ဓာတ်ခွဲခန်းနှစ်ခန်း၊ စာကြည့်တိုက်တစ်ခန်း၊ ရုံးခန်းနှစ်ခန်း၊ Theatre တစ်ခန်းနှင့် ဘက်စုံသုံး ခန်းမ တစ်ခန်းတို့ ပါရှိသည်။

၃၄၃ဦးတက်ရောက်

မိုးညှင်းဒီဂရီကောလိပ်တွင် အထူးပြုဘာသာရပ်ရှစ်မျိုး၊ အထောက်အကူပြုဘာသာရပ်လေးမျိုး စုစုပေါင်းဘာသာရပ် ၁၂မျိုး သင်ကြားပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၄၃ဦးတို့ တက်ရောက်၍ ပညာသင်ကြားလျက်ရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ နာယက၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

မြန်မာနိုင်ငံတွင် ဆားစ်ရောဂါကူးစက်မှုမရှိအောင် ဝိုင်းဝန်းဆောင်ရွက်နိုင်ခဲ့ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး တက်တက်ကြွကြွ ပူးပေါင်းပါဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ၏ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းကျန်းမာရေးကော်မတီအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြိုတင်ကာကွယ်

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အိမ်နီးချင်းနိုင်ငံအချို့နှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ဖြစ်ပွားလျက်ရှိသည့် ကြက်၊ ငှက် တုပ်ကွေးရောဂါနှင့် ပတ်သက်ပြီး မိမိနိုင်ငံအတွက် ကာကွယ်တားဆီးရေးနှင့် ရန်ကုန်တိုင်းအတွင်း ဖြစ်ပွားမှုမရှိစေရန် သက်ဆိုင်ရာ ဦးစီးဌာနများမှ တာဝန်ရှိသူများက ကြိုတင်ကာကွယ်ကုသရေးလုပ်ငန်းများကို အပိုင်းလေးပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် ဆားစ်ရောဂါ ကူးစက်မှုမရှိအောင် ဝိုင်းဝန်းဆောင်ရွက်နိုင်သဖြင့် အောင်မြင်မှုရသကဲ့သို့ ကြက် ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဆင့်ဆင့်တို့မှ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူလူထုများဖြင့် ပူးပေါင်းပြီး ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျန်းမာရေးအသိပညာပေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းကျန်းမာရေးကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ကြက်ငှက် တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အစည်းအဝေးပထမပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေး ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာအုန်းကျော်က ကြက်ငှက် တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိုးလွင်ညိမ်းက ကြက် ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးကို တက်ရောက်လာကြသူများက ကြက် ငှက်တုပ်ကွေးရောဂါ ကြိုတင်တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လူတွင်ဖြစ်ပွားနိုင်သော ကြက် ငှက် တုပ်ကွေးရောဂါ ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

၁။ ယခုအခါ အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအချို့၌ ကြက်ငှက်တုပ်ကွေးရောဂါများ ဖြစ်ပွားလျက်ရှိပါသည်။ ဤရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားပြီး ကြက်ငှက်များမှတစ်ဆင့် လူများသို့ ကူးစက်ပျံ့နှံ့ကာ ရောဂါဖြစ်ပွားစေနိုင်ပါသည်။

၂။ မြန်မာနိုင်ငံတွင် ဖြစ်ပွားခြင်းမရှိသေးသော်လည်း ကြက်ငှက်တုပ်ကွေးရောဂါဝင်ရောက်မလာနိုင်ရေးအတွက် ကာကွယ်ထားရန် အထူးလိုအပ်လျက် ရှိနေပါသည်။

၃။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်စေသော ဗိုင်းရပ်စ်ပိုးများသည် ဆောင်းခိုငှက်များ၊ ငှက်ရိုင်းများဖြစ်သော ရေဘဲ၊ ရေငှက်၊ စင်ရော်၊ ခိုအစရှိသော ငှက်များတွင် ရောဂါလက္ခဏာမပြဘဲ ရှိနေနိုင်ပြီး ၎င်းတို့၏ မစင်၊ အညစ်အကြေးမှတစ်ဆင့် မွေးမြူရေးကြက်၊ ဘဲ၊ ငှက်များသို့ ကူးစက်နိုင်ပါသည်။ မွေးမြူထားသော ကြက်ငှက်များသို့ ရောဂါကူးစက်ပါက အချိန်တိုအတွင်း ချက်ချင်း ကြက်၊ ဘဲ၊ ငှက်များ ခြံလုံးကျွတ် ရောဂါကူးစက်သေဆုံးသွားနိုင်ပါသည်။ ဤကဲ့သို့ ကြက်ငှက်များ ခြံလုံးကျွတ်သေဆုံးမှုဖြစ်ပွားပါက နီးစပ်ရာ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနသို့ အမြန်ဆုံးအကြောင်းကြားပြီး ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၄။ ရောဂါဖြစ်နေသော ကြက်၊ ဘဲ၊ ငှက်များနှင့် အနီးကပ်ထိတွေ့နေသော သူများနှင့် ရောဂါကြောင့်သေဆုံးသွားသော ကြက်၊ဘဲများကို ကိုင်တွယ်မိသူများထံသို့ အောက်ပါအတိုင်း ကူးစက်နိုင်ပါသည်။

(က) ကြက်ငှက်တုပ်ကွေးရောဂါဖြစ်နေသော ကြက်၊ ဘဲ၊ ငှက်များထံမှ ရောဂါပိုးတိုက်ရိုက်ကူးစက်ခြင်း၊

(ခ) ရောဂါဖြစ်နေသော ကြက်၊ ဘဲ၊ ငှက်တို့၏ မစင်များ၊ အညစ်အကြေးများကို လက်ဖြင့် ကိုင်တွယ်မိခြင်း၊

(ဂ) ရောဂါဖြင့် သေဆုံးသွားသော ကြက်၊ ဘဲ၊ငှက်များနှင့် ရောဂါပိုးပါရှိနေသော ကြက်ခြံထွက်ပစ္စည်းများကို ထိကိုင်ပြီး လက်မဆေးမိခြင်း စသည်တို့ကြောင့် ကူးစက်နိုင်ပါသည်။

၅။ လူများအား ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရခြင်းမှ ကာကွယ်ရန်အတွက်–

(က) ကြက်ခြံလုပ်သားများသည် သတ်မှတ်ထားသော ဝတ်ရုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်း၊ လက်အိတ်၊ လည်ရှည်ဖိနပ်များ ဝတ်ဆင်ရန်၊

(ခ) မွေးမြူရေးခြံများအတွင်းသို့ မသက်ဆိုင်သူများ၊ ကလေးများ လုံးဝ ဝင်ရောက်မှုမပြုရန်၊

(ဂ) ကြက်၊ ဘဲ သယ်ဆောင်သူများ၊ ကြက်ကိုင်သူများ၊ ကြက်ဒိုင်လုပ်သားများ၊ ရောင်းသူများသည် ရောဂါကာကွယ်နိုင်သည့် လက်အိတ်၊ ဖိနပ်၊ အေပရွန် ခါးစည်းစသည့် သတ်မှတ်ထားသော ဝတ်စုံများဝတ်ဆင်ရန်၊

(ဃ) ကြက်၊ ဘဲများကို မကိုင်တွယ်မီနှင့် ကိုင်တွယ်ပြီး လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရန် လိုအပ်ပါသည်။

၆။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော မွေးမြူရေးခြံများနှင့် ထိတွေ့မှုရှိသည့် ကြက်ခြံလုပ်သားများနှင့် အနီးကပ်ထိတွေ့နေထိုင်သူများတွင် တုပ်ကွေးရောဂါလက္ခဏာများ ပေါ်ပေါက်ပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အကြောင်းကြားပြီး ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များ၊ ဗန်းမော်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၅ရက်တွင် သတင်းအရ မိုးမောက်မြို့နယ်နှင့်ဗိုင်းမော်မြို့နယ် နယ်စပ်နမ့်ဆန်ယန်ရွာမှ ကလောကြီးရွာသို့သွားသည့် တောလမ်း၌စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်အမှတ် ယ/၇၂၈၂၁ကို မသင်္ကာဖွယ်တွေ့ရှိရ၍ ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်နောက် ကယ်ရီယာတွင် ဂျင်းကျောပိုးအိတ်ဖြင့် ထည့်ထားသော ဘိန်းဖြူ ၁၄၇ဂရမ် ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ မိုးမောက်မြို့နယ် လွယ်ဂျယ်အုပ်စု မရန့်ငွန်ရွာနေ ဦးမရစ်ဂမ်၏ သား လဝေါမ်အား ဗိုင်းမော်ရဲစခန်းမှမူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၁/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဘားအံမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နယ်မြေခံ ထောက်လှမ်းရေးတပ်၊ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ဇန်နဝါရီ ၂၆ရက်တွင် သတင်းအရ ဘုရားသုံးဆူမြို့ (၄)ရပ်ကွက် ရတနာသိင်္ခလမ်းနေ ထွန်းထွန်းနိုင်နှင့် မစိုးစိုးနိုင်တို့၏ နေအိမ်ကို ဝင်ရောက်စစ်ဆေးရှာဖွေရာ အိပ်ခန်းအပြင်ဘက်တွင် ရန်မောင်(ခ)ကပ္ပလီအား တွေ့ရှိရပြီး နေအိမ်အရှေ့ခန်းမှ ဒဗလျူဝိုင်စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၃၀ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ဘုရားသုံးဆူမြို့ (၄)ရပ်ကွက် ရတနာသိင်္ခလမ်းနေ ဦးမြစံ၏ သား ထွန်းထွန်းနိုင်နှင့် တစ်အိမ်တည်းနေ ဦးမြလှိုင်၏ သမီး မစိုးစိုးနိုင်(ခ)ကတုံးမ၊ ကွင်းဆက်တရားခံ မုဒုံမြို့ မြိုင်ကုန်းရွာနေ ဦးသဒ္ဒူမူး၏ သမီး မငယ်နှင့် ဘုရားသုံးဆူမြို့ (၁)ရပ်ကွက် ဓမ္မရိပ်သာလမ်းနေ ဦးဝင်းမောင်၏ သား ရန်မောင်(ခ)ကပ္ပလီတို့အား ဘုရားသုံးဆူရဲစခန်း မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၁/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၂ အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

❍ နိုင်ငံတော်မူဝါဒမှ

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အင်ဂျင်နီယာချုပ်၊ ညွှန်ကြားရေးမှူးများ၊ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်ပတ်လည်နေ့အခမ်းအနားဖြစ်ရာ နှစ်ပတ်လည်နေ့များ ကျင်းပခြင်းဖြင့် ဌာနတွင်း စည်းလုံးညီညွတ်မှုနှင့် ဝန်ထမ်းအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရရှိစေကြောင်း၊ လုပ်ငန်းများအောင်မြင်မှု ရရှိစေကြောင်း။

နှစ်ပတ်လည်အခမ်းအနားများ ကျင်းပရာတွင် နှစ်ဟောင်းက မိမိဌာနအတွက် သတ်မှတ်ပေးထားသော ရည်မှန်းချက်တာဝန်များကို မည်သည့်အတိုင်းအတာအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်၊ အားသာချက်နှင့် အားနည်းချက်များ ရှိခဲ့သည်တို့ကို ပြန်လည်သုံးသပ်ပြီး လာမည့်နှစ်တွင် မည်ကဲ့သို့ ပိုမိုတိုးတက်အောင် လုပ်မည်၊ မည်သို့သော ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်မည်တို့ကို ချမှတ်အကောင်အထည်ဖော်ရန်နှင့် ယှဉ်ပြိုင်မှုရှိမှ တိုးတက်မှုရှိသည်ဆိုသော သဘောအရ မိမိဌာနအတွင်း၌ စည်းလုံးညီညွတ်တက်ကြွစွာဖြင့် ကြိုးစားလိုစိတ်၊ ယှဉ်ပြိုင်လိုစိတ်များ ဖြစ်ပေါ်လာအောင် ဆုပေးသင့်သူများအား ဆုပေး၊ ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ရန်ဆိုသည့် ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ကျင်းပကြရခြင်းဖြစ်ကြောင်း။

အဓိကလုပ်ဆောင်

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးတွင် မိမိတို့ကျရာကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ မိမိဌာန ဝင်ငွေတိုးတက်ရေးနှင့် ခြိုးခြံချွေတာသုံးစွဲရေးတို့ကို အဓိကထား လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ငန်းများတွင် မိမိတို့နှင့် သက်ဆိုင်သည့်အပိုင်းတွင်ပါဝင်၍ ယခင်ထက်တိုးမြှင့်ဆောင်ရွက်ရေး၊ ဝင်ငွေတိုးတက်ရရှိရေးနှင့် ခြိုးခြံချွေတာရေးတို့ကို ၂၀၀၄ ခုနှစ်၏ အဓိကလုပ်ငန်းတာဝန်များအဖြစ် သတ်မှတ်ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဝန်ထမ်းစံပြဆုရ လက်ထောက်ညွှန်ကြားရေးမှူး ဦးကံမြင့်၊ ဦးစီးအရာရှိ(ထုတ်လုပ်) ဒေါ်ယဉ်ယဉ်လှ၊ ဦးစီးအရာရှိ(ထုတ်လုပ်) ဦးစံဝင်း၊ ဦးစီးအရာရှိ (ထုတ်လုပ်) ဒေါ်သီတဂူဇေယျနှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိန်ဦးတို့အားလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရ ဒေါ် H.P ရွှယ်ဆိုင်းနှင့် သင်တန်းအသီးသီးတို့တွင် ထူးချွန်ဆုရရှိကြသည့် ဒေါ်ခင်စန္ဒာမြင့်၊ ဒေါ်ဝေဝေလှိုင်နှင့် ဦးသိန်းထွန်းတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က ဌာနတွင် ထူးချွန်ဆုရ အရာထမ်းဝန်ထမ်း ၅၈ဦးတို့ကိုယ်စား ဝန်ထမ်းခုနစ်ဦးတို့အားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ရုံးတက်မှန်ဆုနှင့် ဝန်ထမ်းသားသမီးများ၏ ပညာရည်ထူးချွန်ဆု၊ အနုပညာထူးချွန်ဆု၊ အားကစားထူးချွန်ဆု၊ ဆုရအရာထမ်းဝန်ထမ်းနှင့် မိသားစုဝင်များ ၃၃ဦးတို့ ကိုယ်စား အရာထမ်းဝန်ထမ်း ၁၂ဦးတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဌာနအသီးသီးမှ ဝန်ထမ်းများအတွက် ဝတ်စုံစရိတ် ချီးမြှင့်ငွေများကို ဌာနခွဲတာဝန်ခံများအားလည်းကောင်း၊ နှစ်ပတ်လည်နေ့ ဂုဏ်ပြုအငြိမ့်အထူးဆုရ ဝန်ထမ်းများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိကြသူများကိုယ်စား ရုပ်မြင်သံကြားဌာနခွဲမှ ရုပ်သံကျွမ်းကျင်(၁) ဒေါ်ခင်မိုးဥက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို မွန်းလွဲ ၂နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က ဌာနတွင်း ထူးချွန်ဆု ရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

၂၀၀၄ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်ရမည်မှာ မိမိနှင့်ဆိုင်သော စက်မှုလုပ်ငန်းများ တိုးတက်ရေး၊ Telecommunication ဖွံ့ဖြိုးရေးတွင် မိမိတို့နှင့်သက်ဆိုင်သောအပိုင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်၊ မူဝါဒများကို ပြည်သူများသိရှိပြီး ပူပေါင်းပါဝင်လာအောင် မီဒီယာနည်းဖြင့် စည်းရုံးဆောင်ရွက်ရေးတို့ပင် ဖြစ်ကြောင်း။

ထို့အပြင် အဓိကအားဖြင့် နိုင်ငံတော်မူဝါဒ လမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် မီဒီယာနည်းဖြင့် စည်းရုံးဆောင်ရွက်ရေး၊ နယ်စပ်ဒေသ အပါအဝင် တစ်နိုင်ငံလုံး Media Cover ဖြစ်အောင် ဆောင်ရွက်ရေး၊ ပြည်တွင်းသာမက ပြည်ပသို့ပါ မီဒီယာထိုးဖောက်နိုင်အောင် ဆောင်ရွက်ရေး၊ သွက်လက်ထက်မြက်ပြီး အဆင့်အတန်းမြင့်မားသော မီဒီယာဖြစ်အောင် ဆောင်ရွက်ရေး၊ နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသော ၂၀၀၄ခုနှစ်တွင် အလေးထားဆောင်ရွက်ရမည့်

၂၀၀၄ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

M. P. G. A နှင့် Asian Tour တို့ပူးပေါင်း၍ Rothmans of Pall Mall Myanmar Pte., Ltd က အဓိကပံ့ပိုးသည့် ၂၀၀၄ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲကို ယမန်နေ့ နံနက် ၇နာရီတွင် ရန်ကုန်မြို့ တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ညနေ ၄နာရီခွဲတွင် ယင်းဂေါက်ကလပ်၌ ကျင်းပသည်။

Myanmar Open 2004 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမရရှိသွားသော ထိုင်းမှ Thongchai Jaidee အား M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က Crystal Trophy ဆုချီးမြှင့်စဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဆုချီးမြှင့်သည့် အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူများ၊ M.P.G.Aနှင့် M.G.Fဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်၊ M.G.Fအထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ Rothmans of Pall Mall Myanmar Pte., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Arend Ng နှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ Tournament Directors Mr. Wan-chai Meechai က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ Rothmans of Pall Mall Myanmar Pte., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Arend Ng က M.P.G.A နှင့် M.G.Fသို့ ဂုဏ်ပြုအမှတ်တရ လက်ဆောင်ချီးမြှင့်ရာ M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က လက်ခံယူပြီး ရန်ကုန်ဂေါက်ကလပ်ကို အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ ရန်ကုန်ဂေါက်ကလပ်အတွင်းရေးမှူး ဦးအေးချိုက လက်ခံယူသည်။ ထို့နောက် M.P.G.Aနှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က အပျော်တမ်းပြိုင်ပွဲတွင် ပထမရရှိသော အောင်အောင်ကျော်အား Silver Plate ဆုကို လည်းကောင်း၊ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာဂေါက်သီးရိုက် အားကစားသမားများအနက် အကောင်းဆုံး အားကစားသမားဆုရရှိသော အောင်ဝင်း (Best Myanmar Players)အား Crystal Trophy ကို လည်းကောင်း၊ Octagon က ဆုအဖြစ် အမေရိကန်ဒေါ်လာ ၅၀၀ ကိုလည်းကောင်း၊ MAI Air Line၊ Sedona Hotel၊ Dagon Beer တို့ကလည်း ဆုများကိုလည်းကောင်း၊ ရန်ကုန်ဂေါက်ကလပ် အတွင်းရေးမှူး ဦးအေးချိုက Hole-In-One ဆုရရှိသော အောင်ဝင်းအား Rothmans of Pall Mall Myanmar Pte., Ltd. ကချီးမြှင့်သည့် အမေရိကန်ဒေါ်လာ ၃၀၀ ကိုလည်းကောင်း၊ MAI Air Line၊ Sedona တို့က ချီးမြှင့်သည့် ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ပြီး ၇၀+၇၁+၇၃+၆၇ စုစုပေါင်း ၂၈၁ချက်ဖြင့် တတိယရရှိသော Unho Park (ဩစတြေးလျ)၊ သတ်မှတ် ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ပြီး ၆၉+၇၁+၆၈+၇၁ စုစုပေါင်း ၂၇၉ချက်ဖြင့် ဒုတိယရရှိသော Andrew Pitts (အမေရိကန်ပြည်ထောင်စု) နှင့် သတ်မှတ်ရိုက်ချက်ထက် ၁၂ချက် လျော့ရိုက်ပြီး ၆၉+၇၂+၆၆+၆၉ စုစုပေါင်း၂၇၆ချက်ဖြင့် ပထမရရှိသော Thongchai Jaidee (ထိုင်း)တို့အား ဆုများကိုချီးမြှင့်ပြီး Rothmans of Pall Mall Myanmar Pte., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Arend Ng က ပထမရရှိသော ထိုင်းမှ Thongchai Jaidee အား ဆုကြေးငွေ ချက်လက်မှတ်ကို ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် M.P.G.Aနှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်နှင့် တာဝန်ရှိသူများသည် အောင်ပွဲရ ဂေါက်သီးရိုက် အားကစားသမားများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

Myanmar Open 2004 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမရရှိသော Thongchai Jaidee (ထိုင်း)က ဆုကြေးအမေရိကန်ဒေါ်လာ ၃၂၃၀၀ကိုလည်းကောင်း၊ ဒုတိယရရှိသော Andrew Pitts (အမေရိကန်ပြည်ထောင်စု) က ဆုကြေးအမေရိကန်ဒေါ်လာ ၂၂၂၆၀ ကိုလည်းကောင်း၊ တတိယရရှိသော Unho Park (ဩစတြေးလျ) က

စာမျက်နှာ ၁၂ ကော်လံ ၃ သို့ ✡

❒ နိုင်ငံတော်မှ

ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

နွေစပါးစိုက်ပျိုးရေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီးပွားရေး တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ရာတွင် လူတစ်ဦးချင်းစီ၏ ဝင်ငွေတိုးတက်မှသာ တိုင်းပြည်တိုးတက်မည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းအနေဖြင့် မြန်မာနိုင်ငံ၏ အဓိကဆန်စပါးထွက်ရှိရာ တိုင်းဖြစ်ပြီး ယခင်နှစ်က မိုးစပါးဧက ၃၄သိန်းစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နွေစပါးကိုလည်း ဧက၁၆ သိန်းစိုက်ပျိုးရန် လျာထားပြီး လျာထားချက်နှင့်အညီ စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

အဓိကသီးနှံ ၁၀မျိုးတွင်ပါဝင်သည့်ပဲမျိုးစုံမှာလည်း ဧရာဝတီတိုင်းသည် ဧက၁၃သိန်းကျော်စိုက်ပျိုးနိုင်သော တိုင်းတစ်တိုင်းဖြစ်ပြီး ဆီထွက်သီးနှံများကိုလည်း တိုးမြှင့်စိုက်ပျိုးသွားရန်လိုကြောင်း၊ နှစ်ရှည်ပင်သုံးမျိုးအနက်သစ်ဆိမ့်ပင်ကိုလည်း ဆီထွက်သီးနှံအနေဖြင့် စိုက်ပျိုးကြစေလိုကြောင်း၊ သီးနှံအမယ်သစ်သုံးမျိုးမှ ငရုတ်ကောင်းပင်ကို နည်းလမ်းသုံးသွယ်ဖြင့် စိုက်ပျိုးကြစေလိုကြောင်း၊ ဒေသကြက်မျိုးများကိုလည်း တစ်နိုင်တစ်ပိုင်မွေးမြူကြစေလိုကြောင်း။

ဝန်ထမ်းများအနေဖြင့်လည်း တာဝန်ကျေရုံမလုပ်ဘဲ စေတနာထား၍ ကြိုးစားလုပ်ကိုင်ကြစေလိုကြောင်း၊ ဘိုကလေးမြို့ကို ယခုထက်ပို၍ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန်စီမံခန့်ခွဲရေးနည်းလမ်းများဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

မိန်းမလှကျွန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဘိုကလေးမြို့မှ ရေယာဉ်ဖြင့် ဘိုကလေးမြို့နယ် မိန်းမလှကျွန်းရှိ သစ်တော ဦးစီးဌာနမိန်းမလှကျွန်းဘေးမဲ့တော ကြောင်ထောက်စခန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်တွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် အုပ်ချုပ်ရေးမှူး ဦးစိုးလွင်တို့က မိန်းမလှကျွန်း၏ တောအမျိုးအစား၊ ပေါက်ရောက်သောသစ်မျိုးနှင့် ပရဆေးပင်များ၊ မိန်းမလှကျွန်းကို ဘေးမဲ့တောအဖြစ် ကာကွယ်ထိန်းသိမ်းမှု၊ တောရိုင်းတိရစ္ဆာန်များ၊ ဒီရေတောဒေသတွင် ကျက်စားသည့် ကမ်းခြေပျော်ငှက်များ၊ ဒေသပြောင်းဆောင်းခိုငှက်များနှင့် မျိုးသုဉ်းမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသော ရေချိုရေငန်စပ် မိကျောင်း (Crocodylus Porosus) ကို သဘာဝအနေအထားတွင် မျိုးပြန့်ပွားနိုင်ရေးအတွက် ထိန်းသိမ်း စောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မိန်းမလှကျွန်းတွင် ပေါက်ရောက်လျက်ရှိသော ဒီရေရောက်သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မျိုးသုဉ်းမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသော ရေချိုရေငန်စပ်မိကျောင်းအား သဘာဝအနေအထားတွင် မျိုးပြန့်ပွားနိုင်ရန် ထိန်းသိမ်းစောင့်ရှောက်မွေးမြူထားရှိမှုကို ကြည့်ရှုသည်။

မိန်းမလှကျွန်းကို သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနက ၁၉၉၄ခုနှစ်မှစတင်၍ ဘေးမဲ့တောအဖြစ်သတ်မှတ်ကာ မြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောအဖွဲ့အစည်းကို ထိန်းသိမ်းရန်၊ သားငှက်တိရစ္ဆာန်များ၊ရေချိုရေငန်စပ်မိကျောင်းများ မျိုးပွားခိုလှုံရာဒေသအဖြစ် ထိန်းသိမ်းရန်နှင့် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ကြောင်ထောက်စခန်းနှင့် သောင်ကျောင်းစခန်းတို့တွင် မျိုးသုဉ်းမည့်အန္တရာယ်နှင့်ရင်ဆိုင်နေရသော ရေချိုရေငံစပ်မိချောင်း၄၇ကောင်ကို လက်ရှိမွေးမြူ ထိန်းသိမ်းစောင့်ရှောက်ကာ ၁၉၉၉ခုနှစ်မှ ၂၀၀၃ ခုနှစ်ကာလအတွင်း မိကျောင်းမျိုးဆက် ပြန့်ပွားနိုင်ရန် မိကျောင်း၉၃ကောင်ကို ပြန်လည်လွှတ်ပေးခဲ့ကြောင်းသိရှိရသည်။

ဒီရေတောဥယျာဉ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် ဖြူးမွေးကျွန်းရှိသစ်တောဦးစီးဌာန ဒီရေတောဥယျာဉ် အမှတ်(၁) သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား သစ်တောဦးစီးအရာရှိ ဦးညီညီ၊ သစ်တောဦးစီးဌာန ဧရာဝတီတိုင်း လက်ထောက်တိုင်းဦးစီးမှူး ဦးဝင်းမောင်နှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစန်းလွင်တို့က ဒီရေတောဥယျာဉ်ထိန်းသိမ်း စောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဒီရေတောဥယျာဉ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ စည်းကမ်းမဲ့သစ်ခုတ်ခြင်းကို ဥပဒေနှင့်အညီအရေးယူရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဒီရေတော သစ်ပင်များ ပျိုးထောင်မှုကို ကြည့်ရှုစစ်ဆေးပြီး ဒီရေတောဥယျာဉ်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ဖြူးမွေးကျွန်းဒီရေတောဥယျာဉ်တွင် သမဲ့ကြီး၊ ဖြူးချေထောက်၊ ရေခရား၊ ဖြူးဥတလုံး၊ ကနစိုအစရှိသည့် ဒီရေတောသစ်ပင် ၁၂သိန်းခန့်ကို သဘာဝဒီရေဝင်ရောက်သည့်စနစ်ဖြင့် ပျိုးထောင်ထားရှိပြီး ဒီရေတောထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ကဒုံကနိကျေးရွာ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညနေ၄နာရီတွင် ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာသို့ ရောက်ရှိကြပြီး ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရားကြီးအား ပန်း၊ ဆီမီးနှင့်အမွှေးနံ့သာများဖြင့် ဖူးမြော်ကြည်ညိုကြ၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အလှူတော်ငွေများကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကဒုံကနိတိုက်နယ် ဆေးရုံသို့ ရောက်ရှိကြရာ ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းအောင်နှင့် တာဝန်ခံဆရာဝန် ဒေါက်တာတင်ထူးလှိုင်တို့က လူနာများအား ဆေးဝါးကုသပေးမှု၊ ဝန်ထမ်းအင်အားစသည်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးစကားပြောကြားပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းနှင့် ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်က အလှူငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ခံဆရာဝန် ဒေါက်တာတင်ထူးလှိုင်က လက်ခံသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကဒုံကနိကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကွန်ပျူတာခန်းနှင့် Language Lab စာသင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အဆိုပါ ကျောင်းမှ ဘိုကလေးမြို့ စာစစ်ဌာနတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲသွားရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ၏ ခရီးစရိတ်အတွက် အလှူငွေကျပ် ၁၅၀၀၀၀နှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကဒုံကနိကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းလေးကျောင်းအတွက် ကျောင်းရန်ပုံငွေ အလှူငွေကျပ် ငါးသောင်းကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်လုံးက လက်ခံသည်။

ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာ ပြန်လည်သုံးသပ်ညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွင်း ပြောင်းရွှေ့လူအုပ်စုများတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာအချက် အလက်များ ပြန်လည်သုံးသပ်ညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borraက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ယင်းနောက် ဒုတိယပိုင်းအစည်းအဝေးအစီအစဉ်များကို ဆက်လက်ကျင်းပသည်။ အဆိုပါအစည်းအဝေးကို ဖေဖော်ဝါရီ၁၇ရက်ထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

✡ စာမျက်နှာ ၁၁မှ

ဆုကြေး အမေရိကန်ဒေါ်လာ ၁၂၄၀၀ ကိုလည်းကောင်း အသီးသီး ဆွတ်ခူးသွားကြသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်ဝင်း (Y.C.D.C)က ၇၁+၆၉+၇၁+၇၄ စုစုပေါင်း ၂၈၅ချက်ဖြင့် အဆင့်(၉) ရရှိရာ ဆုကြေး အမေရိကန်ဒေါ်လာ ၄၂၃၀ ကိုလည်းကောင်း၊ ကြည်လှဟန်က ၇၆+၇၁+၇၂+၇၀ စုစုပေါင်း၂၈၉ ချက်ဖြင့် အဆင့်(၂၆)ရရှိရာ ဆုကြေး အမေရိကန် ဒေါ်လာ ၁၉၈၀ကိုလည်းကောင်း၊ စိုးကျော်နိုင်က ၇၂+၇၇+၇၇+၇၂ စုစုပေါင်း၂၉၈ချက် အဆင့်(၆၂) ရရှိရာ ဆုကြေး အမေရိကန်ဒေါ်လာ ၅၅၀ကို လည်းကောင်း၊ ဝင်းထွေးလှိုင်က ၈၀+၆၉+၇၆+၇၄ စုစုပေါင်း၂၉၉ ချက်ဖြင့် အဆင့်(၆၆)ရရှိရာ ဆုကြေး အမေရိကန်ဒေါ်လာ၂၈၅ဒသမ ၁၈ကို လည်းကောင်း၊ ယဉ်ထွေးက ၇၁+၇၆+၈၂+၇၅ စုစုပေါင်း ၃၀၄ချက်ဖြင့် အဆင့်(၇၄)ရရှိရာ ဆုကြေး အမေရိကန်ဒေါ်လာ ၁၇၇ ဒသမ ၇၇ကို လည်းကောင်း အသီးသီးရရှိသွားကြသည်။

The Myanmar Open is Celebrating Its 9th Year in 2004. Sponsors Include Rothmans of Pall Mall Myanmar Pte., Ltd ၊ Co-Sponsor Myanmar Airways International (MAI) 'Sedona Hotel Yangon, The Official Hotel The Myanmar Open' Wilson The OfficialBallof The Myanmar Open၊ And Grand Slam (Munsingwear),Inetol (Headwear Co.)၊Canon (Accel International Co., Ltd.)၊ Maruman (Kaung Myat Co., Ltd)၊ Dagon Beer ၊ Mims Logistics, Max Myanmar Co., Ltd ၊ UPG And Alpine Purified Drinking Water (Loi Hein Co., Ltd) As Official Suppliers. ၂၀၀၄ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် Han Event Management နှင့် Octagon တို့က ပူးပေါင်းတာဝန်ယူဆောင်ရွက်ကြသည်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကဒုံကနိကျေးရွာ လမ်းတစ်လျှောက် လှည့်လည်ပြီး ကျေးရွာ၏ဖွံ့ဖြိုးစည်ပင် တိုးတက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကဒုံကနိကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က မိမိတို့ ယခုကဲ့သို့လာရောက်ခြင်းမှာ ဤနယ်မြေဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း၊ ကဒုံကနိကျေးရွာသည် စီးပွားရေးလုပ်ငန်းများ ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ ဒေသခံများအနေဖြင့် ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြလျှင် ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း တတ်နိုင်သမျှ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်းဖြင့် ပဏာမပြောကြားသည်။

လုပ်ငန်းစဉ်ကြီးငါးရပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် မိမိတို့အစိုးရအနေဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းစေရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်ကို ချမှတ်ပေးခဲ့ကြောင်း၊ ထိုလုပ်ငန်းစဉ်ကြီးငါးရပ်ဖြစ်သည့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေးအဆင့်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်က ချမှတ်ပေးသည့် လုပ်ငန်းစဉ်များတွင် ကျေးလက်နေပြည်သူများကလည်း ပူးပေါင်း ပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မွေးမြူရေးတွင် ဒေသကြက်များကို တစ်ပိုင်တစ်နိုင်မွေးမြူကြရန်နှင့် ကျေးရွာသန့်ရှင်းသာယာလှပစေရေးအတွက် ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။ (သတင်းစဉ်)

(၆၄/ဘီ)သူရလမ်း၊(၉)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်ညို (၇၁)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အတွက် အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း၊ ၁၆/၂ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ အတွင်းရေးမှူးအဖွဲ့ဝင် ဦးညွန့်သိန်းက လက်ခံရယူစဉ်။ (က-ပ)

ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးများ မုံးကိုး၌ ဖမ်းမိ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နယ်မြေခံ တပ်မတော်သားများ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မူးယစ် (အထူး) တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၄ရက်တွင်သတင်းအရ မုံးကိုး မြို့ဈေးထောင့်၌ စောင့်ဆိုင်းနေစဉ် မသင်္ကာဖွယ် တွေ့ရှိရသူ တရုတ်နိုင်ငံလုံလင်မြို့နယ် လုံစင်ကျေးရွာနေ ဦးတွမ်လောက်အယ်၏ သားတွမ်ဝူးအားရပ်တန့်ရှာဖွေ စစ်ဆေးရာ တရုတ်စာတန်း(ရွှေ)ဟု ရိုက်နှိပ်ထားသော စိတ်ကြွရူးသွပ်ဆေးသုံးပြားနှင့် အတူဖမ်းဆီးရမိခဲ့ပြီး ၎င်းတည်းခိုနေထိုင်သည့် တရုတ်-မြန်မာ တည်းခိုခန်း အခန်းအမှတ်(၃)ကို ဆက်လက်ရှာဖွေစစ်ဆေးခဲ့ရာ ၎င်း၏ ဇနီး မကျောင်းလှိုင်အား ဘိန်းဖြူ ၅၈၈ဂရမ်၊ စိတ်ကြွရူးသွပ်ဆေး၁၆၅ ပြားတို့နှင့် အတူဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် တည်းခိုခန်း အခန်းအမှတ်(၁)ကို ဆက်လက်ရှာဖွေစစ်ဆေးခဲ့ရာ မုံးကိုးမြို့နယ် ဖောင်းဆိုင်ကျေးရွာ ရပ်ကွက်(၃)နေ ဦးဝမ်ဝမ့်ချင်း၏ သားဝမ်လောက်အား စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉၈၀နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများနှင့် မူးယစ်ဆေးဝါးများကို သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)



ဖေဖော်ဝါရီ ၄ရက်က တွမ်ဝူးနှင့် မကျောင်းလှိုင်တို့နှစ်ဦးအား ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ မုံးကိုး၌ဖမ်းမိစဉ်။ (သတင်းစဉ်)



ဖေဖော်ဝါရီ ၄ရက်က ဝမ်လောက်အား စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉၈၀နှင့်အတူ မုံးကိုး၌ဖမ်းမိစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ခန္တီးလေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ခန္တီးလေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းစီမံကိန်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေသည် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းဖြင့် ခန္တီးလေဆိပ်သို့ ရောက်ရှိကြသည်။

ဝန်ကြီးအား ခန္တီးလေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ စီမံကိန်းအင်ဂျင်နီယာ ဦးဝင်းလွင်က မြေကြီးလုပ်ငန်းပြီးစီးမှု၊ စက်ယန္တရားများအသုံးပြုနိုင်မှု အခြေအနေ၊ လမ်းခင်းကျောက်စုဆောင်းရရှိထားမှု၊ စက်သုံးဆီရရှိမှုအခြေအနေ၊ နှစ်အလိုက် ရန်ပုံငွေရရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သော အစီအမံများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းဆွေက ကျောက်ရရှိရေးအတွက် ဒေသမှဆောင်ရွက်ပေးနေမှု အခြေအနေ၊ လိုအပ်သော စက်သုံးဆီရရှိရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးမှုနှင့် လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအား ခရီးစဉ်မပျက် တစ်ပတ်လျှင်ငါးရက် နေ့/ည တာဝန်စုဖွဲ့ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်က လုပ်ငန်းဆောင်ရွက်မှုကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက ယခုနှစ်မိုးမကျမီ လေယာဉ်ပြေးလမ်းအရှည်ပေ ၅၁၀၀၊ အကျယ် ၇၅ပေအပြီး ဆောင်ရွက်ရေး မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ထို့နောက်ဝန်ကြီးနှင့် အဖွဲ့သည် လေယာဉ်ပြေးလမ်း အနောက်တောင်ဘက် ကျောက်ကတ္တရာခင်းခြင်း လုပ်ငန်း တိုးချဲ့ပြေးလမ်းအတွက် လျာထားမြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ခန္တီးလေယာဉ်ကွင်း မူလလေယာဉ်ပြေးလမ်းမှာ ကျောက်ရောမြေကြီးကွင်းဖြစ်ပြီး အရှည်ပေ ၄၂၀၀နှင့် အကျယ်ပေ ၁၀၀ဖြစ်သည်။ ယခုတည်ဆောက်လျက်ရှိသည့် လေယာဉ်ပြေးလမ်းမှာ ကျောက်ကတ္တရာခင်း အမျိုးအစားဖြစ်ပြီး အရှည်ပေ ၅၁၀၀နှင့် အကျယ်ပေ၁၀၀အထိတိုးချဲ့ တည်ဆောက်လျက်ရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Grammar Made Easy.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အက
၄း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒအထူးပြုများ) (သတ္တဗေဒ)
၄း၅၅ ၅။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၁၀ ၆။ ခံစားနားဆင်တေးဂီတဝင်
၅း၅၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၃၀ ၈။ ညနေခင်းသတင်း
၇း၀၀ ၉။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၀။ Milo Success in Soccer.
၇း၁၀ ၁၁။ ရင်မှာစွဲထင်ဇာတ်လမ်းရုပ်ရှင် (အပိုင်း-၂)
၇း၃၀ ၁၂။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၇း၄၀ ၁၃။ ကြေးမုံရိပ်သွင် တေးနယ်ဥ
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို"(အပိုင်း-၂၈)**
၁၈။ Calcio Serie A Highlight.
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ စာအုပ်များလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်သို့ Myanma Prestige International Company Limited မန်နေဂျင်းဒါရိုက်တာ ဦးကိုကိုအောင်(သိပ္ပံစာရေးဆရာကိုကိုအောင်)က စာပေဗိမာန်စာမူဆု အသုံးချသိပ္ပံ ပထမဆုရ "ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ရှိ လျှပ်စစ်" အမည်ရှိစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ(၁)၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများ

တက်ရောက်ကြပြီး အလှူရှင် ဦးကိုကိုအောင်နှင့် မိသားစုများက ဦးကိုကိုအောင်(သိပ္ပံစာရေးဆရာကိုကိုအောင်) ရေးသားသော စာပေဗိမာန်စာမူဆု အသုံးချသိပ္ပံပထမဆုရ "ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ရှိလျှပ်စစ်" စာအုပ်ရေ ၁၂၀(တန်ဖိုးငွေကျပ် ၇၂၀၀၀)ကို ပေးအပ်လှူဒါန်းရာ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက လက်ခံရယူကာ**(အပေါ်ပုံ)** ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (က-ပ)

ရုပ်ရှင်

သကြိန်ဝေးဝေး

မကြာမီပြသတော့မည့် စိန်ငွေးရုပ်ရှင်မှ ဒါရိုက်တာ ညွန့်မြန်မာ ညီညီအောင်၏ "သကြိန်ဝေးဝေး" ရုပ်ရှင်ဇာတ်ကားမှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်တို့၏ သရုပ်ဆောင်ဟန်။

မြန်မာအဆင့်မြင့်ဒီဗွီဒီဇာတ်ကားများ ရုံတင်ပြသနိုင်ရေးဆောင်ရွက်ပေးနေ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာအဆင့်မြင့် ဒီဗွီဒီဇာတ်ကားများ အဆင်ပြေချောမွေ့စွာ ပြသနိုင်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ဗီဒီယိုလုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့တို့၏ စီစဉ်ညွှန်ကြားမှုအရ ဗီဒီယိုအခြေခံအဖွဲ့က ဆောင်ရွက်ပေးလျက်ရှိသည်။

သတ်မှတ်ချက်ရှိ

ယခုအခါ အဆင့်မြင့်ဒီဗွီဒီဇာတ်ကားများ ရုံတင်ပြသရာတွင် ထုတ်လုပ်သူများနှင့် ရုံပိုင်ရှင်များအကြား ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ဇာတ်ကားတစ်ကားဝင်လျှင် ထုတ်လုပ်သူက ၄၅ ရာခိုင်နှုန်း၊ ရုံပိုင်ရှင်က ၅၅ ရာခိုင်နှုန်းဟူ၍ သတ်မှတ်ချက်ရှိသည်။

သို့သော် အကြောင်းအားလျော်စွာ သရုပ်ဆောင် အနေအထားပေါ်လိုက်၍ ထုတ်လုပ်သူက ၅၅ရာခိုင်နှုန်းယူပြီး ရုံပိုင်ရှင်က ၄၅ရာခိုင်နှုန်းယူရန် ခွင့်ပြုချက်သဘောထား ပေးထားသည်။

ထိုသို့ ထုတ်လုပ်သူနှင့် ရုံပိုင်ရှင်တို့ ညှိနှိုင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့က ပြည်နယ်နှင့်တိုင်း အခြေခံအဖွဲ့များကို ထပ်မံအကြောင်းကြားညွှန်ကြားထားသည်။ **(ကြေးမုံ)**

သရုပ်ဆောင်သင်တန်း လူတွေ့ခေါ်ယူမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ကမကထပြု ဖွင့်လှစ်မည့် ရုပ်ရှင်သရုပ်ဆောင်သင်တန်းသို့ လျှောက်ထားသူ ၁၀၀ခန့်ရှိခဲ့ရာ လာမည့် မတ်လ ၈ရက်တွင် လျှောက်ထားသူများအား ရုပ်ရှင်အစည်းအရုံး ရုပ်ရှင်သရုပ်ဆောင်သင်တန်း ကြီးကြပ်ရေးကော်မတီက ခေါ်ယူတွေ့ဆုံမည်ဖြစ်သည်။ **(ကြေးမုံ)**

ဒါရိုက်တာ ကိုခင်ငွေး(ဇမ္ဗူတလူ)၏ "ကျေးဇူးတရား" ဗီဒီယိုဇာတ်ကားမှ မင်းခေတ်နှင့် လှအဥ္စလီတင့်။

ဝိညာဉ်ပစ်တဲ့မြား မကြာမီရုံတင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

စနိုးပိုက်ဗီဒီယိုထုတ်လုပ်ရေးမှ ဒါရိုက်တာ မောင်မောင်ဦးက ကိုလွင်၏ဝတ္ထုဇာတ်ညွှန်းကို ရိုက်ကူးသည့် **ဝိညာဉ်ပစ်တဲ့မြား** ဒီဗွီဒီဇာတ်ကားမှာ မကြာမီရုံတင်ပြသမည်ဖြစ်သည်။

ယင်းဒီဗွီဒီဇာတ်ကားတွင် နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်နှင့် မိုးဟေမာန်ခင်တို့ သရုပ်ဆောင်ထားကြပြီး လာမည့် ဖေဖော်ဝါရီ ၂၇ရက်တွင် ရွှေဂုန်၊ ရွှေမန်း၊ စံပြနှင့် သီတာရုံများတွင် ပြသရန်စီစဉ်ထားသည်ဟု သိရသည်။ **(ကြေးမုံ)**

ကျေးဇူးတရားဗီဒီယိုဇာတ်ကား ဖြန့်ချိမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာဗီဒီယိုဇာတ်ကားများ စဉ်ဆက်မပြတ် ရိုက်ကူးပြသလျက်ရှိရာ ယခုအပတ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဇမ္ဗူတလူဗီဒီယိုမှ ဒါရိုက်တာကိုခင်ငွေးရိုက်ကူးသည့် **ကျေးဇူးတရား** ဗီဒီယိုဇာတ်ကား ဖြန့်ချိမည်ဟု သိရသည်။

ယင်းဇာတ်ကားတွင် မင်းခေတ်၊ လှအဥ္စလီတင့်၊ ချိုပြုံးတို့ပါဝင် သရုပ်ဆောင်ထားကြသည်။ **(ကြေးမုံ)**



ဒါရိုက်တာမောင်မောင်ဦး(စနိုးပိုက်)၏ "ဝိညာဉ်ပစ်တဲ့မြား" အဆင့်မြင့် ဒီဗွီဒီဇာတ်ကားမှ နိုင်းနိုင်းနှင့် အိန္ဒြာကျော်ဇင်။

ကော့သောင်း၊ မြိတ်၊ မော်လမြိုင်မြို့များ၌ ကုန်စည်ပြပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှု၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ကူညီမှုဖြင့် ရန်ကုန်တိုင်း ရွှေခြသေ့်သမဝါယမအသင်းလီမိတက်က ကုန်စည်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကို မတ် ၂၄ ရက်မှ ၂၈ ရက်ထိ ကော့သောင်းမြို့ မဉ္ဇူသကလွတ်လပ်ရေးကွင်း၌လည်းကောင်း၊ ဧပြီ ၂ရက်မှ ၆ရက်ထိ မြိတ်မြို့ မြို့နယ်အားကစားကွင်း၌လည်းကောင်း၊ မေ ၅ ရက်မှ ၉ ရက်ထိ မော်လမြိုင်မြို့ မြိုင်ရတနာလေးထပ်ဈေးတွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ရောင်းချမည်

အဆိုပါ ဈေးရောင်းပွဲတော်၌ စားသောက်ကုန်များ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ် ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ရုံးသုံး၊ ကျောင်းသုံး စာရေးကိရိယာများ၊ စက်မှုလက်မှု နည်းပညာဆိုင်ရာ ပြခန်းများ၊ ပြည်တွင်းဖြစ် တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေးအမျိုးမျိုး၊ နိုင်ငံခြားစံချိန်မီဖိနပ်အမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်းအမျိုးအမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်း အမျိုးမျိုးနှင့် အခြား လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ဖျော်ဖြေမည်

ပြပွဲလာပြည်သူများအား အဆင့်မြင့် ထုတ်ကုန်ပစ္စည်းများကို လက်တွေ့သရုပ်ပြကြော်ငြာခြင်းများ၊ အရောင်းမြှင့်တင်ရေး အစီအစဉ်များကို နေ့စဉ် အခမဲ့ ဖျော်ဖြေတင်ဆက်ပေးမည် ဖြစ်သည်။

ဆက်သွယ်ဆောင်ရွက်နိုင်

ပါဝင်ရောင်းချလိုသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ သမဝါယမအသင်းများနှင့် စက်မှုအသင်းများသည် ရန်ကုန်တိုင်းရွှေခြသေ့်သမဝါယမအသင်းလီမိတက် အဆောင်(၂) ပထမထပ် မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး(စီ)ရုံ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း–၃၇၁၈၀၀ (လိုင်းခွဲ) ၃၉၄၊ ၄၀၈နှင့် ဖုန်း–၂၄၀၆၀၀ (လိုင်းခွဲ) ၄၃၂၊ ရုံးချိန်ပြင်ပ ဖုန်း–၆၃၅၂၆၄ တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (က–ပ)

ပညာရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

E.J.I Co., Ltd (Myanmar) နှင့် HRMC Co.,Ltd(Singapore)တို့၏ ပူပေါင်းစီစဉ်မှုဖြင့် ပညာသင်ကြားနိုင်ရေးနှင့် အလုပ်လုပ်ကိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်တွင် ကျင်းပရာ ရှေးဦးစွာ စင်ကာပူ၊ ဥရောပ၊ ဩစတြေးလျနှင့် အမေရိကန်တို့မှ အင်္ဂလိပ်ဘာသာရပ် သင်ကြားရေးဆိုင်ရာ ဆရာ၊ ဆရာမကြီးများက ပညာသင်ကြားရေးနှင့် အလုပ်လုပ်ကိုင်မှုအတွက် အင်္ဂလိပ်ဘာသာစကား၏ ထိရောက်အရေးပါမှုတို့ကို ဆွေးနွေးဟောပြောကြသည်။ **(အပေါ်ယာပုံ)**

နိုင်ငံတကာ ဘာသာစကား အသိအမှတ်ပြုလက်မှတ် (IELTS)ရရှိရေးအတွက် ရန်ကုန်မြို့တွင် Myanmar Academy of English (M.A.E Education Centre) ကို မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ပြီး အောင်မြင်သူများကို ပြည်ပတက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ကြားလျက် အချိန်ပိုင်းနှင့် အချိန်ပြည့် အလုပ်လုပ်ကိုင်ခွင့်ရရှိစေရန် ကူညီဆောင်ရွက်သွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ E.J.I Company Limited အမှတ် (၂၈၅) မဟာဗန္ဓုလပန်းခြံလမ်း ရန်ကုန်မြို့ ဖုန်း–၇၀၅၁၅၈နှင့် ၂၈၇၅၃၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (ကြေးမုံ)

သုတပဒေသာစာစောင် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နိုင်ငံတကာ မဂ္ဂဇင်း၊ စာစောင်များမှ ကောင်းနိုးရာရာဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများကို ဘာသာပြန်ဆို၍ ပုံနှိပ်ထုတ်ဝေသော သုတပဒေသာ စာစောင်ကို စာပေဗိမာန်က လစဉ်မပျက် ထုတ်ဝေလျက်ရှိရာ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာ စာစောင်အတွဲ (၃၁) အမှတ်(၂)ကို ဖြန့်ချိ ရောင်းချနေပြီဖြစ်သည်။

ယခုလစာစောင်တွင် ယိုလူမျိုးတို့၏ ပန်းပွဲတော်၊ ကွန်ပျူတာဖွင့်ကာ သင်ယူပါ၊ အာဆီယံ လူငယ်ချစ်ကြည်ရေး၊ ကမ္ဘာ့ကင်ဆာရောဂါ အစီရင်ခံစာ၊ စိတ်ပူပန်မှုဖြေရှင်းနည်း စသည့် ဘာသာပြန် ဆောင်းပါးများအပြင် ဘာသာပြန်ကဗျာ၊နိုင်ငံတကာ ဟာသ မြင်ကွင်းနှင့် ပါနေကျကဏ္ဍများဖြင့် ထုတ်ဝေထားသည်။

သုတပဒေသာစာစောင်ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်နှင့်နယ်စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၅ ရက်က တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် ဩဘာလမ်းရှိ ဓမ္မရက္ခိတဓမ္မာရုံအသင်းမှ (၆၇)ကြိမ်မြောက် ဆွမ်းတော်ကြီးတင်ပွဲ၊ နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ အကြိုတရားပွဲများ အောင်မြင်ခြင်းနှင့် လှူဒါန်းမှုအစုစုအတွက် ရေစကြိုချမင်္ဂလာအခမ်းအနားကျင်းပရာ သဒ္ဓမ္မဇောတိကဓဇ ဓမ္မာစရိယမဟာပဏ္ဍိတ်ဆရာတော် ဘဒ္ဒန္တဝါယမထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

(ကြေးမုံ)



ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ် တရားမဇာရီမှုအမှတ်–၆၅

ဦးလှစိုးလွင် နှင့် **ဦးအောင်ခင်+၆ ဦး**
[ကွယ်လွန်သူတရားရှုံးအမှတ်(၁)
ဦးစောလှိုင်၏တရားဝင်ကိုယ်စားလှယ်များ]
ပါ(၁၅)

တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၆ခုနှစ် တရားမကြီးမှုအမှတ်–၂၁၆တွင် ရရှိခဲ့သော ဒီကရီအရ ကွယ်လွန်သူ ဦးလှ၊ ဒေါ်ရွှေဆင်(ခ)ဒေါ်ဆင့်တို့၏ ကျန်ရစ်ခဲ့သော အောက်ဖော်ပြပါပစ္စည်းစာရင်းတွင်ပါရှိသည့် ပစ္စည်းများ၏ $\frac{၄}{၂၄}$ ပုံကို တရားနိုင်က ရယူရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို ဖော်ပြပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့်တစ်ပြိုင်တည်း နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့တွင် အပြေအကျေပေးသွင်းရမည်။ ယင်းနေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ(၉)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြသိမ်း
တွဲဖက်တိုင်းတရားသူကြီး(၁၅)
ရန်ကုန်တိုင်းတရားရုံး။

ပစ္စည်းစာရင်း

၁။ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မြေကွက် အမှတ်(၂၃)၊ မြေချိန်ဧရိယာ(သုညဒသမ၉၅၇)ဧကရှိသော မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၄၈၅) ဟုခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံ [ယင်းဥပစာသည် ပြည်လမ်းမကြီးနှင့် နာနတ်တောလမ်းထောင့်တွင်တည်ရှိပြီး တရားရှုံး ဒေါ်လှခင်မကြီး နေထိုင်လျက်ရှိသည်။]
ကြမ်းခင်းဈေး – ကျပ်သိန်း (၁၂၀၀၀)
လေလံတင်ရောင်းချမည့်နေ့ရက် – ၂၀၀၄ခုနှစ် မတ်လ (၁၈)ရက်။
လေလံတင်ရောင်းချမည့်အချိန် – နံနက်(၁၀)နာရီ
လေလံတင်ရောင်းချမည့်နေရာ – ယင်းပစ္စည်းတည်ရာအရပ်

၂။ရန်ကုန်မြို့၊ ကြည့်မြင်တိုင်တိုက်နယ်၊ ကွေးတိုင်အမှတ်–၂၉၊ ရပ်ကွက် အမှတ်–၂၈စီ၊ မြေကွက်အမှတ်–၄၈၊ ဧရိယာ(သုညဒသမ၀၂၉)ဧကရှိ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ အမှတ် (၆၃)ဟု ခေါ်တွင်သော အိမ်။ [တရားရှုံးအမှတ်(၃) (၄) (၅)တို့ နေထိုင်သည်။]
ကြမ်းခင်းဈေး – ကျပ်သိန်း(၃၅၀)
လေလံတင်ရောင်းချမည့်နေ့ရက် – ၂၀၀၄ခုနှစ် မတ်လ (၁၉)ရက်။
လေလံတင်ရောင်းချမည့်အချိန် – နံနက် (၁၀)နာရီ
လေလံတင်ရောင်းချမည့်နေရာ – ယင်းပစ္စည်းတည်ရာအရပ်

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ပန်းပုပြိုင်ပွဲ စည်းကမ်းချက်များထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၂၀၀၄ခုနှစ် မတ်လ၂၇ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ပန်းချီ၊ ပန်းပုပြိုင်ပွဲ၊ ပြပွဲကျင်းပရေးဆပ်ကော်မတီက ပန်းချီ၊ ပန်းပုပြိုင်ပွဲများကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

ပန်းချီပြိုင်ပွဲကို မူကြိုအဆင့်၊ မူလတန်း(အငယ်)အဆင့်(သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း)၊ မူလတန်း(အကြီး) အဆင့်(တတိယတန်း၊ စတုတ္ထတန်း)၊အလယ်တန်းအဆင့် (ပဥ္စမတန်း၊ ဆဋ္ဌမတန်း၊သတ္တမတန်း)၊ အထက်တန်းအဆင့်(အဋ္ဌမတန်း၊နဝမတန်း၊ ဒသမတန်း၊ စက်မှုလက်မှုနှင့် စိုက်ပျိုးရေးအထက်တန်းကျောင်း)များနှင့် အလွတ်တန်းအဆင့် (တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများ၊ရန်ကုန်၊ မန္တလေးပန်းချီ၊ ပန်းပုကျောင်းများ၊ ဝါသနာရှင်၊ ပညာရှင်များ) ဟူ၍ အဆင့်ခြောက်ဆင့် ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။

ပန်းပုပြိုင်ပွဲကို အလွတ်တန်းအဆင့်တစ်မျိုးတည်းသာ ကျင်းပမည်ဖြစ်ပြီး အလွတ်တန်းအဆင့် ပန်းပု(ပလတ်စတာ)နှင့် ပန်းပု(သစ်သား)ဟူ၍ ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။ယင်းပန်းပုပြိုင်ပွဲ အမျိုးအစားနှစ်ရပ်စလုံးတွင် ဝါသနာရှင်၊ ပညာရှင် ကျောင်းသား၊ ကျောင်းသူများအားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပန်းချီပြိုင်ပွဲ မူကြိုအဆင့်နှင့် အခြေခံပညာအဆင့်အားလုံးတွင် ပြိုင်ပွဲဝင် ပန်းချီကား၏ အရွယ်အစားမှာ (၁၅ လက်မ X ၂၀လက်မ)အရွယ်ဖြစ်ပြီး နှစ်သက်ရာဆေး၊ နှစ်သက်ရာ နည်းစနစ်ဖြင့် ရေးဆွဲနိုင်သည်။

ကိုယ်တိုင်ရေးဆွဲကြောင်း ဝန်ခံချက်နှင့် သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက် အပြည့်အစုံပါရှိရမည်။

ပန်းချီကားရှေ့တွင် လက်မှတ်တစ်စုံတစ်ရာ ရေးမှတ်ခြင်းမပြုဘဲ ပန်းချီကားနောက်ကျောတွင် အမည်၊ အတန်း၊ကျောင်း၊ မြို့နယ်၊မွေးသက္ကရာဇ်၊ အဖအမည်၊ နေရပ်လိပ်စာ အပြည့်အစုံဖော်ပြ၍(ပို့စကတ်) အရွယ်ဓာတ်ပုံနှစ်ပုံ ပူးတွဲပေးပို့ရမည်ဖြစ်သည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၂၃ရက် နောက်ဆုံးထားပြီး လက်တွေ့ဖွံ့ဖြိုးမှုဌာနစု ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန အမှတ်(၁၂၃) နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်သို့ ပေးပို့ရမည်ဖြစ်သည်။ အလွတ်တန်းအဆင့်ပန်းချီပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ပန်းချီကားများကို ၂၀လက်မX၃၀လက်မ အရွယ်ရေးဆွဲရမည်ဖြစ်ပြီး နှစ်သက်ရာဆေး၊ နှစ်သက်ရာပန်းချီရေးနည်းစနစ်ဖြင့် ယှဉ်ပြိုင်နိုင်သည်။ ပန်းချီကားရှေ့တွင် လက်မှတ်တစ်စုံတစ်ရာရေးမှတ်ခြင်းမပြုဘဲ နောက်ကျောဘက်တွင် ကိုယ်တိုင်ရေးဆွဲကြောင်း ဝန်ခံချက်နှင့်အတူအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊မွေးသက္ကရာဇ်၊အဖအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာအပြည့်အစုံဖော်ပြ၍ (ပို့စကတ်)အရွယ်ဓာတ်ပုံ နှစ်ပုံပူးတွဲပေးပို့ရမည်ဖြစ်သည်။

အလွတ်တန်းပန်းပု(သစ်သား)နှင့် အလွတ်တန်းပန်းပု(ပလတ်စတာ) ပြိုင်ပွဲနှစ်ရပ်စလုံးတွင် ပြိုင်ပွဲဝင်ပန်းပုလက်ရာများသည် အမြင့်၃၆လက်မထက် မကျော်ရ၊ အောက်ခြေပတ်လည်၂၄လက်မထက်မကြီးစေဘဲ တပေါင်းတစည်းတည်း ထုလုပ်ထားမှုဖြစ်ရမည်။ နှစ်သက်ရာသစ်သား(သို့)ပလတ်စတာဖြင့် ထုလုပ် နိုင်သည်။

ယခင်နှစ်များက ပြိုင်ပွဲ၊ ပြပွဲသို့ တင်သွင်းဖူးသည့် ရုပ်တုမဖြစ်စေရ။

ဦးတည်ဖော်ကျူးရာ ခေါင်းစဉ်သတ်မှတ်ပေးနိုင်ပြီး ပြိုင်ပွဲဝင်ပန်းပု၏ အောက်ခြေတွင် အမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ နေရပ်လိပ်စာ အပြည့်အစုံဖော်ပြရမည်။(ပို့စကတ်)အရွယ်ဓာတ်ပုံနှစ်ပုံပူးတွဲလျက် ၂၀၀၄ခုနှစ်၊မတ်လ ၁ရက်မှ ၃ရက်အတွင်း ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမ၊ ရန်ကုန်မြို့သို့ တိုက်ရိုက်ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပန်းချီးပန်းပုအားလုံးသည် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာကောင်း(၁၂) ရပ်တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ရေးဆွဲထုလုပ်ကြရန်ဖြစ်သည်။

အလွတ်တန်းအဆင့်ပြိုင်ပွဲဝင်ပန်းချီ၊ပန်းပုလက်ရာများကို ၂၀၀၄ခုနှစ် မတ်၁ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး၊မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)၊အမှတ်(၁၈၇)၊ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်သို့လည်းကောင်း၊ ၂၀၀၄ခုနှစ်၊ မတ်လ ၁ရက်မှ ၃ရက်အတွင်း အတွင်းရေးမှူး၊ ပန်းချီ၊ ပန်းပုပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၊ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမ၊ ရန်ကုန်မြို့သို့လည်းကောင်း တိုက်ရိုက်ပေးပို့နိုင်သည်။

တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲဝင်လက်ရာများအပြင် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုပြပွဲတင်ပန်းချီနှင့် ပန်းပုရုပ်ထုများကိုလည်း တင်သွင်းပြသနိုင်သည်။

ဂုဏ်ပြုပြပွဲတွင် ပန်းချီနှင့် ပန်းပုရုပ်များကို နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာကောင်း(၁၂)ရပ်တို့ကို ဦးတည်ဖော်ညွှန်း ရေးဆွဲထုလုပ်ကြရန်ဖြစ်သည်။

ရှေးခေတ်မြန်မာ့တပ်မတော် လွတ်လပ်ရေးကြိုးပမ်းမှုကာလ မြန်မာ့တပ်မတော်၊ လွတ်လပ်ရေးရပြီးခေတ် မြန်မာ့တပ်မတော်စသည့် တပ်မတော်၏ သမိုင်းကြောင်းဆိုင်ရာ အကြောင်းအရာများနှင့် နိုင်ငံတော်အား ထိန်းသိမ်းကာကွယ်စောင့်ရှောက်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများကို ဖော်ကျူးရေးဆွဲထုလုပ်နိုင်ကြသည်။

ယခင်နှစ်များက သတ်မှတ်လက်ခံခဲ့သော "အစဉ်ရှေးရှု မြန်မာ့ယဉ်ကျေးမှု"ဟူသော ခေါင်းစဉ်ပါ အကြောင်းအရာများဖြင့် ရေးဆွဲထုလုပ်ပေးပို့သည့် လက်ရာများကို လက်ခံမည်မဟုတ်ပါ။ ဂုဏ်ပြုပြပွဲတင်ပန်ချီကားနှင့် ပန်းပုရုပ်တုများကို၂၀၀၄ခုနှစ် မတ်လ၁ရက်မှ ၅ရက် အတွင်း ဦးဝိစာရလမ်း တပ်မတော်ခန်းမသို့သာ တိုက်ရိုက်ပေးပို့ တင်သွင်းရန်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန်ဖလား (အမျိုးသား၊အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၂ရက်က မြို့တော်စည်ပင်မိုးလုံလေလုံအားကစားရုံအတွင်း၌ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ပထမရရှိသွားသည့် ကာကွယ်ရေး(လူငယ်)အသင်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဆုဖလားနှင့် ငွေကျပ်နှစ်သိန်း ချီးမြှင့်စဉ်။ (၁၉)

လားရှိုးမြို့၌ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်လှစ်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်တိုင်း ရွှေခြည်သွေး သမဝါယမအသင်းလီမိတက်က ကြီးမှူးကျင်းပသောလားရှိုးမြို့၌ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်လှစ်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီခွဲက လားရှိုးမြို့ ယုံဟော်ကွင်းမုခ်ဦးရှေ့၌ ကျင်းပရာရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကျော်ရွှေ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်း၊ ရန်ကုန်တိုင်း ရွှေခြည်သွေး သမဝါယမလီမိတက် ဥက္ကဋ္ဌ ဦးမျိုးညွန့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ လားရှိုးမြို့ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ဖိုးလပြည့်ကုမ္ပဏီက အဓိက ပံ့ပိုးကူညီပြီး ကျော်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှ တွဲဖက်ပံ့ပိုးကူညီပေးပြီး ကော်ဖီမစ်များ၊ ဆပ်ပြာမှုန့်များ၊ နိုင်ငံတကာအဆင့်မီ အလှကုန်ပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးရေးလုပ်ငန်းသုံး လုစင်းဓါတ်မြေဩဇာများ၊ တိုင်းရင်းဆေးအမျိုးမျိုး၊ EMP၊ မိုးပျံငါးအူ ချောင်းများ၊ဘုတ်ဆုံမငရုတ်သီးမှုန့်အမျိုးမျိုး၊ မြို့မဆင်ဖြူတော် ငရုတ်သီးမှုန့်အမျိုးမျိုး၊ အမျိုးသားဝတ် အဝတ်အထည်များ၊ အမျိုးသမီးဝတ်ဖက်ရှင်ဒီဇိုင်းအမျိုးမျိုးနှင့်လူသုံးကုန်၊စားသောက်ကုန်အမျိုးမျိုးတို့ကို ကုမ္ပဏီပြခန်းပေါင်း ၇၅ ခန်းဖြင့် ဖေဖော်ဝါရီ ၈ ရက်အထိ စည်ကား သိုက်မြိုက်စွာ ဖွင့်လှစ်ပြသရောင်းချခဲ့ကြောင်းသိရသည်။(က-ပ)

ကုန်သည်/ စက်မှုဥက္ကဋ္ဌအား အိန္ဒိယသံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌဦးဝင်းမြင့်၊ အလုပ်အမှုဆောင် ဦးတင်မြင့်နှင့် ဦးမျိုးသန့်တို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia သည် အိန္ဒိယသံရုံးမှအဖွဲ့ဝင်များ လိုက်ပါ၍ ဖေဖော်ဝါရီ ၁၀ရက် နံနက် ပိုင်းတွင် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံ စီးပွားရေးကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ အရည်အသွေးပြည့်မီသော ပဲများကို အိန္ဒိယဈေးကွက်သို့ တင်ပို့ရောင်းချရေး၊ ဖေဖော်ဝါရီ ၁၉ရက်နှင့် ၂၀ရက်တို့တွင် Yangon Trade Centre နှင့် Sedona Hotel တို့၌ {Made in India Show} Seminar on Across Borders: India-Myanmar Trade and Economic Cooperation ကျင်းပမည့်ကိစ္စများကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

ဂျပန်စကား၊ ဂျပန်စာ သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဝင်း ဂျပန်စာနှင့် ဂျပန်စကား သင်တန်းကျောင်းမှ လစဉ်သင်တန်းများ ဖွင့်လှစ်လျက်ရှိရာ ဂျပန်စာနှင့်ဂျပန်စကားကို ကျွမ်းကျင်ပိုင်နိုင်စွာ နားလည်တတ်ကျွမ်းအောင် သင်ကြားပေးသည်။ ဗီဒီယို၊ တိပ်နှင့် ရုပ်ပုံကားချပ်များ အသုံးပြု၍ သင်ကြားပေးသည့်အတွက်လည်း ကျောင်းသား၊ ကျောင်းသူများ လွယ်ကူစွာလေ့လာနိုင်သည်။ သင်တန်းတွင် Basic, Intermediate, Basic Conversation, Inter-Conversation, Pre Advanced Converstion and Advanced Course ဟူ၍ Level များခွဲပြီး သင်ကြားပေးလျက်ရှိကြောင်းသိရသည်။

ဖေဖော်ဝါရီလ၌ တန်းခွဲသစ်များ ဖွင့်လှစ်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် ဝင်း ဂျပန်စကား၊ ဂျပန်စာသင်တန်းကျောင်း၊ အမှတ်(၂၇၈/၈)၊ သိမ်ဖြူလမ်း(စိန်ပေါ်လ်မှတ်တိုင်)၊ ဖုန်း-၂၉၄၆၁၃၊ ၂၉၇၉၉၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကွမ်းခြံကုန်းမြို့ သာယာလှပရေး ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြသန့်ရှင်းသာယာ လှပရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂ရက်က မြို့ဝင်ဆိုင်းဘုတ်များ ပြုပြင်ဆေးသုတ်ခြင်း လုပ်ငန်းကို မြို့နယ်စည်ပင် အမှုဆောင်အရာရှိဦးမောင်မောင်အေးက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (က-ပ)

ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၇၀) ရပ်ကွက်၊ အလက(၃)တွဲဖက် အထက်တန်းကျောင်းတွင် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုကွန်ပျူတာခန်းမများ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး၊ရပ်ကွက်ဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဝင်းတို့က တက်ရောက်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်းမှ ကြီးမှူး၍ လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းအမှတ်စဉ်(၁/၂၀၀၄)ကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ သီးနှံကာကွယ်ရေးဌာနစိတ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေ မန်နေဂျာရုံး ရန်ကုန်တိုင်း ခဝဲခြံ(၁)လမ်းနှင့် ခဝဲခြံ(၂)လမ်းကြား ရန်ကုန်နည်းပညာ တက္ကသိုလ်ရှေ့အင်းစိန်လမ်းမသို့ ဖေဖော်ဝါရီ ၂၀ ရက်နေ့ နောက်ဆုံးထား၍ စာရင်းနှင့် သင်တန်းကြေး လာရောက်ပေးသွင်းနိုင်သည်။ (က-ပ)

ပေးအပ်

နိုင်ငံသား အရည်အချင်း ပြည့်မီသူ ကျောင်းသား၊ကျောင်းသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇန်နဝါရီ ၁၄ရက်က မြဝတီမြို့ သဃ်န်းညီနောင် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြဝတီခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြိုင်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)



ဈေးကွက်ဂျာနယ်

အမှတ်(၁၃၁)၊ ၂၈လမ်း(အလယ်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့က ထုတ်ဝေသောအမှတ် ၃၅၇ ဈေးကွက်ဂျာနယ် မျက်နှာဖုံးကို တွေ့ရစဉ်။ (က-ပ)

ယစ်မျိုးဝန်ထမ်းဟောင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ယစ်မျိုး ဝန်ထမ်းဟောင်းများ၏ ဗုဒ္ဓဘာသာအသင်း နှစ်ပတ်လည် အစည်းအဝေးကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း၊ ရွှေတိဂုံတောင်ဘက်မုခ် အနီးရှိ ယစ်မျိုးဌာန ဓမ္မာရုံတွင် ဖေဖော်ဝါရီ ၂၂ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၅၈၆)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ပဲခူး ဖေဖော်ဝါရီ ၁၄

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၆၅-၆၆ ခုနှစ် တန်ခူးလဆန်း၁၀ ရက် (မတ် ၃၀ ရက်) အင်္ဂါနေ့မှ တန်ခူးလပြည့်ကျော် ၄ ရက် (ဧပြီ ၈ ရက်) ကြာသပတေးနေ့အထိ ၁၀ ရက်တိုင် ကျင်းပမည်ဖြစ်သည်။

စုံစမ်းနိုင်

ပျော်ပွဲရှင်ပွဲအတွက် မြေနေရာများကို ဖေဖော်ဝါရီ ၂၈ ရက်တွင်လည်းကောင်း၊ ဈေးဆိုင်နေရာများကို မတ် ၁၄ ရက် နံနက် ၁၀ နာရီတွင် ဂေါပကအဖွဲ့ရုံး၌လည်းကောင်း လေလံတင်ရောင်းချမည်ဖြစ်ရာ အသေးစိတ်အချက်အလက်များ သိလိုပါက ဂေါပကရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြင်ဦးလွင်၌ ပြည်ထောင်စုနေ့ဂုဏ်ပြု ကျောက်ချောလမ်းသစ်များဖွင့်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၅

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၈)၊ စွယ်တော်လမ်းနှင့် သဇင်လမ်း ကျောက်ချောလမ်းများဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က လမ်းမုခ်ဦးတွင်ကျင်းပသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲသို့ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမင်းသန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျောက်ချောလမ်းသည် ပေ၆၈၈၀ ရှိပြီး ပြင်ဦးလွင်မြို့နယ် တိုးချဲ့ရပ်ကွက်ကြီးအတွင်း အဓိကကျသောလမ်းမကြီးတစ်ခုဖြစ်သည်။

(က-ပ)

မြတ်စောညီနောင် စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

တောင်ငူ ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်း တောင်ငူမြို့ သမိုင်းဝင်မြတ်စောညီနောင် စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၅ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလပြည့်နေ့(မတ်လ ၁ ရက်မှ ၅ ရက်) ထိကျင်းပမည်ဖြစ်ပြီး မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို တပေါင်းလဆန်း ၁၁ ရက်မှ လဆန်း ၁၄ ရက်ထိ လေးရက်တိုင် ကျင်းပမည်ဖြစ်သည်။ တပေါင်းလပြည့်နေ့ မွန်းလွဲ ၁ နာရီတွင် မြတ်စွာဘုရားနှင့်တကွ သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်အပါး ၁၁၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများကို လာရောက် လောင်းလှူနိုင်ကြောင်းသိရသည်။ (က-ပ)

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဟသ်ာတမြို့ တလုတ္တော်ကျေးရွာ၌ ကျေးလက်ရေရရှိရေး လက်နှိပ်ပန့်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၀ ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ပြုံး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုး သိန်းနှင့် အမှုဆောင်အရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးလုံခြုံရေး စီမံချက်လက်တွေ့သရုပ်ပြ

ကလေးဝ ဖေဖော်ဝါရီ ၇

ကလေးဝမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း သိုလှောင် ဖြန့်ဖြူးရေးဌာနခွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်၊ ဌာနခွဲမန်နေဂျာ ဦးတင်ဦး၊ မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးမှူးဦးဇျက်ဇမား တို့က မီးဘေးအန္တရာယ်များနှင့် မီးဘေးလုံခြုံရေး၊ ကြိုတင်ကာကွယ်တားဆီးကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးတို့ကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် ဝန်ထမ်းများအား ဟောပြောသည်။

သရုပ်ပြလေ့ကျင့်

ထို့နောက် ဌာနခွဲရှိ မီးသတ်ဆေးဘူးများ၊ မီးသတ်ဆေးမှုန့် အသစ်လဲလှယ်ခြင်း၊ မီးသတ်ဆေးဘူးများ၊ မီးသတ်ကိရိယာများနှင့် မီးသတ်မော်တော်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို ဌာနခွဲမှ ရေးဆွဲထားသည့် မီးဘေးလုံခြုံရေးစီမံချက်များကို ဌာနခွဲဝန်ထမ်းများ၊ မီးသတ်ဦးစီးဝန်ထမ်းများ ပူးပေါင်း၍ လက်တွေ့သရုပ်ပြလေ့ကျင့်ကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

အထက(၁)မှော်ဘီ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

မှော်ဘီ ဖေဖော်ဝါရီ ၁၃

အထက(၁)မှော်ဘီ ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဧပြီ ၄ ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက(၁) မှော်ဘီ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ကိုစိုးဝင်း ဖုန်း-၇၂၃၉၃၂၊ ကိုဌေးလွင်ဖုန်း-၆၂၀၁၅၉၊ ကိုမြခိုင်ဖုန်း-၆၂၀၂၁၅၊ ကိုနေမျိုးဦး ဖုန်း-၆၂၀၁၅၅၊ ဒေါ်သဇင်ဝင်း ဖုန်း-၆၂၀၁၆၂၊ ကိုနိုင်ထွန်းလတ် ဖုန်း-၃၇၇၂၇၆ တို့ထံ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်ထောင်စုနေ့ ဂုဏ်ပြု ကတ္တရာလမ်းသစ်ဖွင့်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၇

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် ၂၁၄၀၀၀၀ကျခံပြီး ဆောင်ရွက်ပေးခဲ့သော အရှည်ပေ ၇၇၀၊ အကျယ် ၁၂ ပေရှိ ဗန္ဓုလလမ်းနှင့် သြဘာလမ်း၊ ကတ္တရာလမ်းသစ်ကို ဖေဖော်ဝါရီ ၂ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုရဲမှူး ဦးတင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ဇင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(က-ပ)**

လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အင်းတိုင်တပ်နယ်၏ ၂၀၀၃-၂၀၀၄ ခုနှစ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၃ ရက်ကကျင်းပရာ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ သုံးဘာသာဂုဏ်ထူးရှင် မချစ်စုထွေးအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ရွှေညွန့်က ဆုချီးမြှင့်စဉ်။ (က-ပ)

တောင်ကြီးစက်မှုလက်မှုအထက ပထမအကြိမ်အာစရိယပူဇော်မည်

တောင်ကြီး ဖေဖော်ဝါရီ ၁၂

၁၉၆၈ မှ ၁၉၉၈ ခုနှစ်အတွင်း တောင်ကြီးမြို့ စက်မှုလက်မှုအထကသို့ တက်ရောက်ခဲ့သော ကျောင်းသားဟောင်းများမှ အသက်(၆၀)ပြည့်ပြီး အငြိမ်းစားယူခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၁ ရက် (တနင်္ဂနွေနေ့) တွင် တောင်ကြီးမြို့ ကုန်းသာယာကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် အလှူငွေထည့်ဝင်လိုသူများသည် ဆရာ ဦးကျော်ချွန်း (အငြိမ်းစား)တောင်ကြီး ဖုန်း-၀၈၁-၂၂၉၉၆၊ ဦးစိုးညွန့် (တောင်ကြီး) ဖုန်း-၀၈၁-၂၁၆၅၇၊ ဦးလှသိန်း(ရန်ကုန်) ဖုန်း-၀၁- ၂၉၅၁၇၆၊ ၀၁-၅၉၀၀၄၄၊ ဦးရဲအောင်(ရန်ကုန်) ဖုန်း-၀၁-၆၈၄၇၅၂၊ ဦးညိုမင်းဒင်(ရန်ကုန်) ဖုန်း-၀၁-၂၂၀၃၄၁၊ ၀၁-၂၁၂၀၀၇ နှင့် ဦးအေးမင်း(မန္တလေး) ဖုန်း-၀၂-၃၁၄၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေပြည်သာမြို့ အမက(၂၄)၏ ၂၀၀၂-၂၀၀၃ ခုနှစ် မိဘဆရာအသင်းစည်းဝေးပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက်က ကျင်းပရာကျောင်းအုပ်ဆရာကြီး ဦးတင်ထွဋ်က သူငယ်တန်းမှ တတိယတန်းထိ လေးနှစ်ဆက်တိုက် ပထမဆုနှင့် စတုတ္ထတန်း မြို့နယ်အင်္ဂလိပ်စာထူးချွန်ပထမဆုရရှိသူ မောင်ကောင်းထက်လေးသွင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ညောင်ဦးမြို့နယ် မိခင်နှင့်ကလေးအသင်း တိုးချဲ့ဆောင် ပေးအပ်လှူဒါန်းပွဲကျင်းပ

ညောင်ဦး ဖေဖော်ဝါရီ ၁

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တိုးချဲ့ဆောင်သစ် လှူဒါန်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၀ ရက်က ကျင်းပရာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့်ဇနီး၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

— ပေးအပ်လှူဒါန်း —

ယင်းဆောက်အအုံကို သစ်တောမိတ်ဆွေများအသင်း (Friend of Rain Forests in Myanmar)နှင့် ရွှေလေတံခွန်ကုမ္ပဏီတို့က လှူဒါန်းရာ အခမ်းအနားတွင် သစ်တောမိတ်ဆွေများအသင်း ဒေါက်တာဝင်းမောင် (M.B.B.S MRCP Landon)က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ရွှေလေတံခွန် ကုမ္ပဏီပိုင်ရှင် ဒေါ်ခင်ဥမ္မာဝင်းက ညောင်ဦးခရိုင် ဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၁၅ သိန်းနှင့် ညောင်ဦးခရိုင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **(ဇ၁)**



စစ်တွေမြို့ သောက်သုံးရေရှားပါးသော ရွှေပြားရပ်ကွက် ရေရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြစိုးနှင့် အင်ဂျင်နီယာများ ဇန်နဝါရီ၃၁ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် မောင်မောင်သိမ်း သွားနှင့်ခံတွင်း ဆင့်ပွားသင်တန်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာန သွားနှင့်ခံတွင်းဌာနစိတ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ကျေးလက်ပြည်သူများအတွက် ပဏာမသွားနှင့် ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းစီမံချက် မြို့နယ်အဆင့် (ဆင့်ပွား)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက သွားနှင့်ခံတွင်းကုသရေးဆိုင်ရာအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝမ်းမောင်က လက်ခံရယူသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန သွားနှင့်ခံတွင်းဌာနစိတ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်ညွှန့်က သင်တန်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

တက်ရောက်

သင်တန်းသို့ ကျေးလက်ကျန်းမာရေးဌာနများမှ ဝန်ထမ်း ၄၅ ဦးနှင့် မူလတန်းပြ ဆရာမငါးဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၅၀ ဦးတက်ရောက်ကြသည်။ (သတင်းစဉ်)

တေဇရုပ်စုံ ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလထုတ် တေဇရုပ်စုံကို မြဝတီစာပေတိုက်မှ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါရုပ်စုံတွင် ပန်းချီ ဦးဘကြည်၊ ကာတွန်း မြေဇာ၊ အောင်မင်းမင်း၊ မောင်တင်ယု၊ ကြယ်ကြယ်၊ ဆွေချစ်၊ အောင်ကျော်၊ ဖိုးဇော်(လှိုင်သာယာ)၊ လွမ်းမောင်(သုဝဏ္ဏ)တို့၏ လက်ရာများအပြင် မန်းတင့်မော်၊ ဇာနည်၊ မြတ်လွမ်းနောင် (ပုတီးကုန်း)တို့၏ ကဗျာများ၊ တေဇတို့ကမ္ဘာ၊ အဖြေညှိစရာ ပဟေဠိပါ၊ ကလေးအတွေး ကလေးအရေး ကဗျာကဏ္ဍ၊ ဆေးရောင်လှလှ ခြယ်ကြရအောင်၊ ပုံပြင်ဝတ္ထုစသည့် ကဏ္ဍစုံလင်စွာဖြင့် မြဝတီစာပေတိုက်မှ ထုတ်ဝေဖြန့်ချိလိုက်သည်။ (သတင်းစဉ်)

စာရင်းစစ်ချုပ်ရုံး လေးလပတ် လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

စာရင်းစစ်ချုပ်ရုံး ပြည်နယ်/တိုင်း စာရင်းစစ်အရာရှိများ၏ ၂၀၀၃ ခုနှစ် ဒုတိယနှင့်တတိယလေးလပတ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ပြည်နယ်/တိုင်း စာရင်းစစ် အရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်/တိုင်း စာရင်းစစ်အရာရှိများက မိမိတို့၏ ပြည်နယ်/တိုင်းများနှင့် စပ်လျဉ်း၍ ၂၀၀၃ ခုနှစ် ဒုတိယနှင့်တတိယ လေးလပတ်အတွင်း စစ်ဆေးခံအဖွဲ့အစည်း အခြေအနေနှင့် စစ်ဆေးဆောင်ရွက်နိုင်မှု အခြေအနေ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ရုံး/ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် မြေရရှိမှုနှင့် အဆောက်အအုံဆောက်လုပ်မှု အခြေအနေ၊ ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အရေးယူဆောင်ရွက် ပြီးစီးမှု အခြေအနေတို့ကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးချက်များအပေါ် စာရင်းစစ်ချုပ်၊ဒုတိယစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က နိဂုံးချုပ် အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ဒလမြို့နယ်ခန်းမ၌ ပြုလုပ်ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင် ဖတ်ကြားစဉ်။
(၅၇)



EXPO'2004

အဆင့်မြင့်ကုန်စည်ပြပွဲနှင့် ဈေးပွဲတော် ပဲခူးမြို့နှင့် တောင်ငူမြို့တို့တွင် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ထုတ်ကုန်လုပ်ငန်းရှင်များသည် မိမိတို့၏ အဆင့်မြင့်ကုန်ပစ္စည်းများကို တိုက်ရိုက်ပြသဖြန့်ဖြူးရောင်းချနိုင်ရန်နှင့် ပဲခူးတိုင်းမှ ပြည်သူများအနေနှင့် လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများကို ဈေးနှုန်းမှန်ကန်စွာဖြင့် လေ့လာကြည့်ရှုဝယ်ယူရန်ရည်ရွယ်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကူညီပံ့ပိုးမှုဖြင့် Climax Business Group Co., Ltd မှ ပဲခူးမြို့ ရွှေမော်ဓောဘုရားကွင်းတွင် မတ် ၄ရက်မှ ၈ရက်အထိလည်းကောင်း၊ တောင်ငူမြို့ကေတုမတီ မိုးလုံလေလုံအားကစားခန်းမတွင် မတ် ၁၁ရက်မှ ၁၅ရက်အထိလည်းကောင်း အဆင့်မြင့်ကုန်စည်ပြပွဲနှင့် ဈေးပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအဆင့်မြင့်ကုန်စည်ပြပွဲနှင့် ဈေးပွဲတော်ကြီးတွင် အလှကုန်နှင့် လူသုံးကုန်ပစ္စည်း အမျိုးမျိုး၊ စားသောက်ကုန်နှင့် မီးဖိုချောင်သုံးပစ္စည်း အမျိုးမျိုး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသုံးပစ္စည်း အမျိုးမျိုး၊ အဝတ်အထည်နှင့်ဖက်ရှင် အသုံးအဆောင်ပစ္စည်း အမျိုးမျိုး၊ အီလက်ထရောနစ်နှင့် အဆင့်မြင့်နည်းပညာဆိုင်ရာ ပစ္စည်းအမျိုးမျိုး၊ ဆက်သွယ်ရေးနှင့် လုံခြုံရေးပစ္စည်း အမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် အနောက်တိုင်းဆေးဝါးအမျိုးမျိုး၊ စက်မှုလယ်ယာသုံးပစ္စည်းအမျိုးမျိုးနှင့် အခြားသော အရည်အသွေးစံချိန်မီကုန်ပစ္စည်းများကို ပါဝင်ပြသရောင်းချကြမည်ဖြစ်သည်။

ဤပွဲသို့ လာရောက်ကြည့်ရှုလေ့လာကြသော ပြည်သူလူထုအား ဝတ်စားဆင်ယင်မှုပြပွဲများ၊ ကုန်ပစ္စည်းသရုပ်ပြရှင်းလင်းပွဲများဖြင့် ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်သည်။ ဤပြပွဲကြီးကို Main-Sponsor အဖြစ် တာဝန်ယူသူများအား အထူးအခွင့်အရေးများ ပေးအပ်သွားမည်ဖြစ်ရာ လုပ်ငန်းရှင်များအား နွေးထွေးစွာ ဖိတ်ခေါ်လျက်ရှိသည်။

မိမိတို့၏ အဆင့်မြင့်အရည်အသွေးစံချိန်မီ ထုတ်လုပ်ထားသော အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို ပြသရောင်းချလိုသော လုပ်ငန်းရှင်များအနေဖြင့် Climax Business Group Co.,Ltd. တိုက်(၆) အခန်း(၂၈) ပြည်ရိပ်မွန်အိမ်ရာ (၈)ရပ်ကွက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၅၂၄၇၉၀ သို့ ဆက်သွယ်စုံစမ်း ပြသနိုင်ကြောင်းသိရသည်။ (က-ပ)

ဖေဖော်ဝါရီ ၉ရက်က ASEAN Quiz (Fy 2003-2004)နှင့် ASEAN Information Seminar Series (Fy 2003-2004) ကျင်းပရေးကြီးကြပ်မှုကော်မတီနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးတွင် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

Made in India Show ကုန်စည်ပြပွဲ သတင်းစာရှင်းလင်း ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်ထိ အိန္ဒိယထုတ်ကုန်များ ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသံမှူတနိုင်ငံသံရုံးနှင့် အိန္ဒိယနိုင်ငံမှ Confederation of Indian Industryတို့ ပူးပေါင်းစီစဉ်၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ရက်ထိ ခင်းကျင်းပြသမည့် Made in India Show ကုန်စည်ပြပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Rajiv Kumar Bhatia နှင့် သံရုံးအဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံ Confederation of Indian Industry မှ Deputy Director, Mr. S. Sen နှင့် တာဝန်ရှိသူများ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး(သတင်း) ဦးလှထွန်းနှင့် သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင်သတင်းထောက်များ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Rajiv Kumar Bhatiaက Made in India Show ကုန်စည်ပြပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ မြန်မာနိုင်ငံ၏ မြို့တော်ရန်ကုန်တွင် အိန္ဒိယနိုင်ငံလုပ်ကုန်ပစ္စည်းများပြပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် စက်မှုနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများ ရှိနေကြောင်း၊ အိန္ဒိယနိုင်ငံသည် ၎င်း၏ အရှေ့ကြည့်ဝါဒကို အဓိကဦးစားပေး ကျင့်သုံးနေကြောင်း၊ မကြာသေးမီနှစ်များက အိန္ဒိယနှင့် အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း) ဆက်ဆံရေးသည် ဆန်းသစ်လာသည့်အပြင် ရေရှည် ဖွံ့ဖြိုးတိုးတက်မည်သာ ဖြစ်ကြောင်း၊ အဓိကရည်မှန်းချက်တစ်ခုမှာ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရန်ပင် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဈေးကွက်လိုအပ်ချက်နှင့် ပတ်ဝန်းကျင်အခြေအနေနှင့်လိုက်လျောညီထွေရှိမည့် ကုန်ပစ္စည်းများကို ပြသသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ Confederation of Indian Industry မှ Deputy Director Mr. S. Sen က ကုန်စည်ပြပွဲတွင် အိန္ဒိယသမ္မတနိုင်ငံမှ လာရောက်ပြသကြမည့် ကုမ္ပဏီများနှင့် ပစ္စည်းများ၊ ကုန်ထုတ်လုပ်မှု နည်းပညာ ဆွေးနွေးပွဲများနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြောကြားသည်။

– ပြန်လည်ရှင်းလင်း –

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပ သတင်းထောက်များနှင့် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

– ခင်းကျင်းပြသ –

Made in India Showကုန်စည်ပြပွဲကို Confederation of Indian Industry အနေဖြင့် မြန်မာ နိုင်ငံ၌ ပထမဆုံးပြသသော ပြပွဲဖြစ်ပြီး ပြပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသသွားမည် ဖြစ်သည်။ (သတင်းစဉ်)

ထိန်ငူကြီး –မှော်သေး –ကြာအင်းလမ်း မြေသားဖို့လုပ်ငန်း ကွင်းဆင်းကြီးကြပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဧရာဝတီတိုင်း ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် ထိန်ငူကြီး- မှော်သေး-ကြာအင်းလမ်းကို ဖေဖော်ဝါရီ ၄ ရက်တွင် မြေသားဖို့တင် ဆောင်ရွက်ခြင်းကို အဖွဲ့တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဖြူက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)** (က-ပ)

ဆူဗီဂျင်မြေဆီနောင် ပြည်တွင်းခရီးစဉ်များ
ချမ်းမင်း
Ph: 378547

MT&K Tourism Co., Ltd.
(၁) ရွှေဆာဘေ Hotel Max (March - 5) 6AM
(၂) ရွှေကော်ဒောက်ကြီး (March - 5) 5AM
(၃) ရွှေကော်ဒော - မုံ - ရွှေဘို (March - 3) 7PM

MLA INTERNATIONAL ENROLL NOW
Summer Course on English Language Proficiency Programme
(Mandarin & Basic Computer Courses are also included) MARCH, APRIL, MAY - 2004
(COMMENCING 1st MARCH 2004)
MORNING SESSION - Grade III to Grade V (8:00 AM TO 12:00 Noon)
AFTERNOON SESSION - KG to Grade II (12:30 PM TO 4:30 PM)
No. 64, Golden Valley Road, Bahan Township, Yangon, Myanmar.
Ph: 01-527006, 01-705066

Ph:375426

MCC
+ Hardware Engineer / System Engineer ကောင်းတစ်ယောက်ဖြစ်အောင် ပြုစုပျိုးထောင်ပေးမည့် သင်တန်းဖြစ်သည်။
+ မိမိလုပ်ငန်းခွင်တွင် Systemပိုင်းအားကျွမ်းကျင်စွာ ဖြေရှင်း ထိန်းသိမ်းနိုင်အောင် ပြုစုပျိုးထောင်ပေးမည့် သင်တန်းဖြစ်သည်။
Hardware Engineering Training (Ope.Date 21.2.04)
System Engineering Training (Ope.Date 25.2.04)
+ သင်တန်းပြီးဆုံးလျှင် ပြင်ပလုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နိုင်မည်။
+ လူဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းသွင်းရန်။
အထူးအစီအစဉ် - Internet

စောင့်မနေချင်တော့ဘူး
Session Players Tony (Lynn)
Ever Glades
Tape & CD ထွက်ပြီ

ACE Data Systems
Software Engineering Level (1)
• Computer Systems
• C Programming
• Java Programming
Managed by BizSoft

MEC
Computer Monitor

MYANMAR RYOKO

Ruby Car Rental
☎ 725317, 650823
Saloon, Van, Hilux, Publica

Yan Aung

SUPER CAR RENTAL
245301, 0980 21801

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ရက်၊
၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ရက်

၁။ ၂၀၀၄ခုနှစ်၊ မတ်လ(၁၃)ရက်မှစ၍ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုပါမည်။

၂။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များအား (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကာလအတွင်း ရတနာပြပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမ၊ မြေညီထပ်တွင် ကျောက်မျက်ရတနာများရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၃။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများနှင့် ကျောက်မျက်ရတနာများရောင်းချရန် ကောင်တာများရယူလိုသူများသည် ၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ(၁၇)ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေးကြီးကြပ်ရေးအဖွဲ့များနှင့် ဆက်သွယ်၍ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

မွေးနေ့ဆုတောင်း

ချစ်သားငယ်လေး **ရဲဘုန်းအောင်**၏ ၁၇-၂-၂၀၀၄နေ့တွင် ကျရောက်သော (၃)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်များစွာ စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး လိုအင်ဆန္ဒပြည့်ဝသော သားလိမ္မာလေးဖြစ်ပါစေ။

ဖေဖေ - ကိုအေးလွင်၊ မေမေ - ဒေါ်စိုးစိုးရွှေ
မမ - ထက်ထက်အောင်
[VI°-°D အထက-၂၊ လသာ 3A(M), BC]
ကိုကို - ကောင်းကျော်လတ် [I.A အထက-၁၊ လမ်းမတော်၊ I.A Prestige International]
ဘွားဘွား၊ ကြီးကြီး၊ ဘဘ၊ ဦးဦး၊ ဒေါ်ဒေါ်။

ကောင်းချိုး
အဝေးပြေးမော်တော်ယာဉ်

SPLENDOUR Beauty Care Salon Open Daily
9:00 am ~ 9:00 pm





မြေသည်း ၊ လက်သည်း
အမှတ်(၁၇၁)၊ ဘားကူရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၂၄၆၁၅/ ၇၂၁၉၇၅

ကျေးဇူးဆပ်ပါမည်

ကျွန်မ ကျင်းလျံဝှန်၏ မှတ်ပုံတင် [၅/ကလထ(နိုင်)၁၀၉၂၁၂]နှင့် နိုင်ငံကူးလက်မှတ်အမှတ်-၄၂၂၀၂၆တို့သည် ၂၈-၁-၂၀၀၄နေ့က ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါ။
ဖုန်း - ၂၉၄၆၃၃။

သက်ဆိုင်သူများကန့်ကွက်လိုက မြေပုံကူး (တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၁။	ဒေါ်ချယ်ရီဇော်ထွန်း	၁၂/တဂန(နိုင်)၀၁၂၃၀၉	အမှတ် - ၂၂၊ ကိုယ်ပိုင်ကိုယ်ချင်းဆိုင်သာလမ်း၊ ဗဟန်း	ဗဟန်း	၂ ဘီ	၄၉၄ အေ	ဒေါ်ပင်ဝင်းမေ	အမည်ပြောင်း
၂။	ဦးအောင်ဆန်း	၁၂/မဂတ(နိုင်)၀၅၁၁၁၅၆	(၂၃)၊ ၂ လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်	ဒဂုံတောင်	၇၂	၇၅၂/ခ	ဒေါ်စိန်	ဂရန်သစ်
၃။	ဦးမြတ်လှအောင် + ၁	၁၂/ရကန(နိုင်)၀၁၈၂၃၉	(၄၇၅)၊ (၁၃)လမ်း၊ (၁၀)ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၁၁	၄၇၅	ဒေါ်ညွန့်	အမည်ပြောင်း
၄။	ဒေါ်သန္တာ၊ ဦးမင်းဟန်(G.P)	၁၂/ဗဟန(နိုင်)၀၅၆၀၄၃	အမှတ် ၉၄၊ ကမ္ဘေ့ဧလမ်း၊ ဗဟန်း	ဗဟန်း	၃၆ ဈေ	၉၅အေ/၁အေ	ဒေါ်ခင်ညွန့်ဟန်	မြေပုံကူး
၅။	ဒေါ်ကစ်တီဝင်း	၁၂/သဃက(နိုင်)၀၃၄၄၈၂	အမှတ်(၉၁)၊ (၁၄) ရပ်ကွက်၊ ဒဂုံအရှေ့	ဒဂုံအရှေ့	၁၄	၉၁	ဒေါ်ဝင်းကြည်	ဂရန်သစ်
၆။	ဒေါ်မြမြမြကြည်	၁၂/ရကန(နိုင်)၀၅၀၃၅၂	၉က - ကျောက်စိမ်း(၇)လမ်း၊ ၄၄ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၄	၉ က	ဒေါ်ထွေးထွေးသိန်း	အမည်ပြောင်း
၇။	ဒေါ်ခင်အေးမြင့်	၇/ပတန(နိုင်)၀၀၄၅၈၉	(၁)၊ ဦးအောင်ကျော်မြလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်း	ဗဟန်း	၃၅ စီဂျီ	၁၅၆၂	ဒေါ်ခင်လေးမူ + ၃	အမည်ပြောင်း
၈။	ဦးညွန့်ဝင်း	၁၄/ပသန(နိုင်)၁၄၁၇၀၇	အမှတ် (၇၇)၊ တော်ဝင်ပန်းလမ်း၊ သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	၃၀၁	၇၇	ဒေါ်ဖွားအေး	အမည်ပြောင်း
၉။	ဦးသောင်းအေး	၁၂/စခန(နိုင်)၀၀၅၇၁၁	၁၀၂၃၊ ၄၀ ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၀	၁၀၂၃	ဒေါ်ခင်အုန်းသင်	ဂရန်သစ်
၁၀။	ဒေါ်အေးတင်	၆/ထဝန(နိုင်)၀၀၈၀၆၄	၂၄၆၊ ၃၀ ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၀	၂၄၆	ဦး R ဝီရူ	ဂရန်သစ်
၁၁။	ဦးမြတ်ကျော်	၁၂/ကမရ(နိုင်)၀၄၃၆၆၉	အမှတ် (၁၂၂၀)၊ (၁၃) ရပ်ကွက်၊ ဒဂုံအရှေ့	ဒဂုံအရှေ့	၁၃	၁၂၂၀	ဦးကျော်ဆောင်း	အမည်ပြောင်း
၁၂။	ဒေါ်မြင့်မြင့်သန်း + ၂	၁၂/ဥကတ(နိုင်)၀၁၅၆၀၈	(၄၂၀)၊ (၁၀)လမ်း၊ (၁၁)ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၄	၅၂ (က)	ဦးတင်စိန်	အမည်ပြောင်း
၁၃။	ဒေါ်မော်မော်ထွန်း	၁၂/ဥကတ(နိုင်)၀၁၄၂၃၈	အမှတ် (၃၅၀)၊ ရတနာလမ်း၊ (၁၁)ရပ်ကွက်	တ/ဥက္ကလာပ	၁၁	၃၅၅ (က)	ဦးအောင်ဇော်ထွန်း	အမည်ပြောင်း
၁၄။	ဦးစိုးအောင်	၁၄/ဟသတ(နိုင်)၀၀၇၆၃၃	၃၃- ခ၊ ဘုမ္မာလမ်း၊ ၁၀၇ ရပ်ကွက်၊ ဒဂုံတောင်	ဒဂုံတောင်	၁၀၇	၃၃ - ခ	ဦးစိုးအောင်	ဂရန်သစ်
၁၅။	ဒေါ်ခိုင်ထွေးထွန်း	၁၃/ရစန(နိုင်)၀၀၀၂၄၃	အမှတ် (၇၆)၊ ၉ ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း	ဒဂုံအရှေ့	၉	၇၆	ဗိုလ်ရန်မျိုးကြီးလှ/သန်းကျော်	အမည်ပြောင်း
၁၆။	ဦးစိန်မြ + ၁	၁၂/ကမတ(နိုင်)၀၅၁၃၆၆	၆၇ ၊ ကဗ္ဗည်းလမ်း	ကြည့်မြင်တိုင်	၂၅ အီး၆	၃၆	ဒေါ်စောညွန့် + ၁	မြေပုံကူး
၁၇။	ဦးသန်းနိုင်	၁၂/ဒဂန(နိုင်)၀၀၀၀၀၃	အမှတ် (၁၆)၊ သုခလမ်း၊ စမ်းချောင်း	စမ်းချောင်း	၂၇ C	၃၂၂	ဦးသက်ကြီး	မြေပုံကူး
၁၈။	ဦးရွှေနုသန်း	၁၂/ရကန(နိုင်)၀၄၇၆၁၆	၁၃၅/ခ လမ်း၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပ	ဒဂုံမြောက်	၁၂	၁၃၂၂	ဦးထွန်းကြိုင်	ဂရန်သစ်
၁၉။	ဒေါ်ခင်သိန်း(ခ)ဒေါ်ခင်သိန်းဝင်း	၁၄/ပသန(နိုင်)၀၃၆၈၆၂	၄၅ ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၅	၁၂၁၀	ဦးစိန်မြင့်	ဂရန်သစ်
၂၀။	ဒေါ်ဟာဂျီးရှင်းဘီဘီအာရစ်(ခ) +၁	၁၂/ကတတ(နိုင်)၀၂၀၃၄၄	အမှတ် - ၄၇၊ မဟာဗန္ဓုလလမ်း နှင့် အမှတ် ၉၂/၉၀ လမ်း(၃၀)	ပန်းဘဲတန်း	၁၅ D	Western ½ of I9	Aga Mohamed Jaffer +2 others	အမည်ပြောင်း

ဦးစီးမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးစိုးတင် (၆၂)နှစ်
(မော်လမြိုင်)

မော်လမြိုင်မြို့၊ မောင်ငံရပ်နေ (ဦးခင်စိုး-ဒေါ်အုံးတင်)တို့၏ သားကြီး၊ (ဦးစံညွန့်)-ဒေါ်ချစ်ရင်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ စီးပွား/ကူးသန်းဝန်ထမ်းအိမ်ရာ၊တိုက်(၃)၊ အခန်း(၂၈)နေ ဒေါ်မြမြညွန့်၏ခင်ပွန်း၊(ဒုတိယဗိုလ်မှူးကြီး မင်းမောင်)-ဒေါ်လီလီညွန့်တို့၏ ညီ/မောင်၊ဦးကျော်ရင်၊ဒေါ်ချိုချိုညွန့်၊ ဦးကျော်စိုးမြင့်(ညွှန်မှူး/အားကာဦးစီးဌာန)-ဒေါက်တာလှလှငြိမ်း (လူမှုဖူလုံရေး၊ တာမွေ)၊ ဒုတိယဗိုလ်မှူးကြီးတင်ဝင်း(ဒု-ညွှန်ကြားရေးမှူးချုပ်၊ လေ့ကျင့်ရေးနှင့် ပညာရေး၊နယ်/စပ်စည်ပင်)-ဒေါ်စန်းစန်းညွန့်(အထက-၂၊ပန်းဘဲတန်း)တို့၏ အစ်ကိုသည် ၁၃-၂-၂၀၀၄နံနက်၁၁နာရီတွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၅-၂-၂၀၀၄ (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးဒေါ်ခင်မော်(ငြိမ်း)

အသက်(၇၅)နှစ်

အငြိမ်းစားဆရာမမှူးကြီး

တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ

အမှတ်(၂၉/၂၉၂)၊ မြို့ပတ်လမ်း၊ ဝန်ထမ်းကြီးအိမ်ရာ၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးဘခင်–ဒေါ်သန်းဆင့်)တို့၏သမီး၊ ဦးအောင်သိန်း(ဒု–ညွှန်မှူး၊ ဗဟိုသုတေသန၊ ငြိမ်း)၏ဇနီး၊ ဦးအောင်မိုး(လက်ထောက်အထွေထွေမန်နေဂျာ၊ Fortune Int'l Ltd)၊ဒေါ်စံစံအောင်(အလယ်တန်းပြဆရာမ၊အထက–၅၊ မင်္ဂလာဒုံ) တို့၏မိခင်၊ မသူသူမိုးဟန်(ဒုတိယတန်း–ဃ၊ အထက(၅)၊ မင်္ဂလာဒုံ)၏အဘွား သည်၁၆–၂–၂၀၀၄ရက် နံနက်၇း၄၅နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ၌ ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအတိုင်း ခန္ဓာကိုယ်အားတပ်မတော်ဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးပါကြောင်း။

၂၂–၂–၂၀၀၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သူအားရည်စူး၍ အထက်ပါနေအိမ်သို့ နံနက်၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

ဒေါ်နွဲ့နွဲ့ရီ(ခ)ဒေါ်ဖုန်

အသက်(၆၄)နှစ်

(မြစ်ကြီးနား)

မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်နေ ဦးပိတ်ကောင်း–(ဒေါ်ခင်ညွန့်) တို့၏သမီး၊ ရေစကြိုမြို့နေ (ဦးအောင်သူ–ဒေါ်ပု)တို့၏သမီးချွေးမ၊ ဦးချွန်စိန်–ဒေါ်သိန်းတို့၏ညီမ၊ ဦးဝင်းဖေ(မြစ်ကြီးနားမြို့နယ်ပညာရေးမှူး)–ဒေါ်စန်းစန်းဝင်း၊ ဦးတင်ဌေး–(ဒေါ်မိမိရီ)၊ ဦးတင်အေး–ဒေါ်ထားထား(မြစ်ကြီးနားပညာရေးကောလိပ်)၊ ဦးစိုးမြတ်ထွန်း–ဒေါ်မာမာတို့၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၁၄၉)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်နေ မရွှေစင်တိုးလှ(အမျိုးသားမော်ကွန်းတိုက်ဦးစီးဌာန)၊ မောင်ကောင်းထွဋ်တိုးလှ–မယဉ်မိမိအောင်၊ ဥက္ကာတိုးလှတို့၏မွေးသမိခင်ကျေးဇူးရှင်၊ ဆုလာဘ်တိုးလှ၊ မြတ်ဟိန်းထွဋ်၊ ပြည်ဟိန်းထွဋ်တို့၏ ချစ်လှစွာသောအဘွား၊ ဒေါက်တာတိုးလှ(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန)၏ဇနီးသည် ၁၆–၂–၂၀၀၄ရက် နံနက်၅နာရီတွင်မန္တလေးမြို့ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၇–၂–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ၂း၃၀နာရီတွင် မန္တလေးမြို့ တောင်မြင့်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ရှင်(၈၁)နှစ်

(ဦးသာကျော် – ဒေါ်စံခိုင်)တို့၏သမီးကြီး၊(ဦးထွန်းအောင်ကျော်–ဒေါ်တင်တင်)၊ ဦးလှအောင်–ဒေါ်မူမူတို့၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၆၃)၊ (၈၂)လမ်း၊ ကန်တော်ကလေးနေ (ဦးခင်မြင့်)–ဒေါ်ခင်သန်းတို့၏ မိခင်၊ ဦးရွှေဝင်း(မေဖလားဝါးဘဏ်ရုံးချုပ်)–ဒေါ်အေးအေးမြင့်၊ ဦးရွှေဝင်း (P.W&GG Co., Ltd)–ဒေါ်လေးလေးမြင့် (ဘဲမွေးပစ္စည်းစက်ရုံ)၊ ဒေါ်ထွေးထွေးမြင့် (J.A.T ၊ အထက–၃၊ မင်္ဂလာတောင်ညွန့်)၊ ဦးမျိုးမြင့်၊ ဒေါ်ဇင်မာမြင့် (မေဖလားဝါးဘဏ်၊ လမ်းမတော်)တို့၏ အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၅–၂–၂၀၀၄ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၂–၂၀၀၄ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးစိန်လှိုင်(၅၃)နှစ်

သာကေတ(သပြူ)

ပဲခူးတိုင်း၊ကဝမြို့နယ်၊သပြူကျေးရွာနေ (ဦးမြဟန်–ဒေါ်ချစ်)တို့၏ သား၊ သာကေတ၊ ရန်ပြေ(၂)လမ်း၊ အမှတ်(၈၁၈)နေ (ဦးအေး–ဒေါ်လှတင်)တို့၏ သားသမက်၊မောင်ခင်သန်း–မခင်မာချို၊ မောင်ဝင်းထိုက် မစန်းစန်းမြင့်၊ ရွှန်းလဲ့နန္ဒာမြင့်တို့၏ ချစ်လှစွာသောဖခင်၊ မမြင့်မြင့်သိန်း၏ခင်ပွန်းသည် ၁၅–၂–၂၀၀၄ရက်မွန်းလွဲ ၂နာရီတွင် ကွယ်လွန်ပါ၍ ၁၇–၂–၂၀၀၄(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသောကြောင့် အမှတ်(၈၁၈)၊ ရန်ပြေ(၂) လမ်း၊သာကေတနေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးလှမြင့် (၄၉)နှစ်

B.E. (EP)

ခရိုင်အင်ဂျင်နီယာမှူးရုံး၊ လျှပ်စစ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

မန္တလေးမြို့၊ (၆၈)လမ်း၊ ၃၀x၃၁ ကြား၊ ဆောက်လုပ်ရေးဝင်းနေ ဦးကောင်းကြည်–ဒေါ်စန်းကြည်တို့၏ သား၊ ဦးမူ–ဒေါ်သန်းသန်းစိန်တို့၏ သားသမက်၊ မလဲ့ရည်မြင့်(အထက–၁၆)၊ မမေမိုးမြင့် (အမက–၁၂)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်ပြုံးပြုံးမူ၏ ခင်ပွန်းသည် ၁၆–၂–၂၀၀၄ရက် နံနက် ၉း၁၅နာရီတွင် ကွယ်လွန်ပါ၍ ၁၇–၂–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် အမရပူရနေအိမ်မှ သရက်နှစ်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခွေးရောင်းရန်ရှိသည်

Australian Imported ACE နှင့် **VENUS** တို့မှ ပေါက်သော **Alsation** နှင့် Imported အထီး၊ အမတို့မှပေါက်သော GOLDEN RETRIVER သားပေါက်များ ရောင်းရန်ရှိသည်။

10-B သီရိမင်္ဂလာလမ်း(မြို့တော်ဂေါက်ကွင်းလမ်း) အင်းစိန်။

ဖုန်း–၇၂၂၇၃၆။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်မြဟန်(၈၂)နှစ်

B.A, B.Ed

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

အမှတ်(၂)အထက

(ယခင်နေရှင်နယ်ကျောင်း)၊ပုသိမ်မြို့.

ပုသိမ်မြို့၊ ပိုးကရင်နှစ်ခြင်း သာသနာဝင်းနေ (ဦးရွှေဆိုင်–ဒေါ်ဖြူမ)တို့၏ သမီး၊ (ဦးထွန်းရာ–ဒေါ်ခင်လေး)၊ (ဒေါ်သက်ပု)၊ (ဒေါ်သက်စု)၊ (ဒေါ်ဓ)၊ (ဦးဖိုးမြ)၊ (ဦးသာညွန့်–ဒေါ်ကျင်)၊ (ဒေါ်ခင်ခင်ရွှေ)တို့၏ညီမ၊ (ဒေါ်အိုင်းရစ်ရွှေ–မန်းဘစော)၊ ဒေါ်မာဂရီရွှေ–မန်းမောင်လှတို့၏ အစ်မ၊ ဒေါ်ကျင်ရွှေ–ဦးမြင့်အောင်၊ ဦးစမိုး၊ ဒေါ်နမ့်မေစန်း (စာရင်းစစ်ချုပ်ရုံး)–ဒေါက်တာ ဦးထွန်းမြတ်အေး၊ ဦးစသန်းထွဋ်–နော်ထရီဇာ၊ ဦးစသန်းဝင်း–နမ့်သက်မာမြင့်၊ ဒေါ်နမ့်အေးသန်း–ဦးတင်မောင်ဦး၊ ဒေါ်နမ့်ဆိုန်ဆိုန်၊ဦးစနေဝင်း–နမ့်ဒီဘိုးရာ၊ ဦးစဘေးလေ–နမ့်သပ်ဆိုန်၊ စဘဲထေ–နမ့်ကြည်ဝင်း၊ စဘောနေ–နော်ရီရီတို့၏ ချစ်လှစွာသောအဒေါ်သည် ၁၂–၂–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃–၂–၂၀၀၄ရက်တွင် ကျုံပျော်မြို့နယ်၊ ကမ်းနားမဲဇလီရွာ၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများ၊ တပည့်သားမြေးများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

လင်ကြူစိန်(ခ)ဒေါ်ကျင်စိန်

အသက်(၈၈)နှစ်

မြသီဂီပုံနှိပ်တိုက်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၈) ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ်(၁၂၉)နေ (ဦးဖိုးချွေး–ဒေါ်စောနု)တို့၏ သမီးကြီး၊ (ဦးတိုးစိန်)၏ ဇနီး၊ ဦးစန်းမောင်–ဒေါ်ကျင်စန်း၊ ဦးအဘိန်း–ဒေါ်အေးမြင့်၊ (ဦးအောင်ဝေ) – ဒေါ်ခင်သန်းသန်း၊ ဦးတင်မောင်ဆွေ–ဒေါ်ခင်ရီ၊ ဦးတင်မြင့်–ဒေါ်ခင်စန်းစန်း၊ ဦးသောင်းစိန်–ဒေါ်မေနန်းတို့၏ မိခင်၊ မြေး၁၅ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၆–၂–၂၀၀၄(တနင်္လာနေ့) နံနက်၃း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၈–၂–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုသော်တာမင်း(မင်းမင်း)

အသက်(၂၉)နှစ်

CDC-40557

AB/UNITEAM Co.,Ltd

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၅၆) လမ်း၊ အမှတ်(၆၅)နေ ဦးဇေယျာဝင်း–ဒေါ်မြင့်မြင့်တို့၏သားထွေး မောင်သော်တာမင်း(မင်းမင်း)သည် ၁၁–၂–၂၀၀၄ရက်တွင် ဆီွဒင်နိုင်ငံ၌ ကွယ်လွန်ပါသဖြင့် ၁၅–၂–၂၀၀၄ရက်တွင် ယင်းမြို့၌ပင် သဂြိုဟ်ပြီးစီးပါကြောင်းနှင့် ၁၇–၂–၂၀၀၄ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊၊ သိမ်၊ ကျောင်း၊၊ ကန်ဒါယကာကြီး

ဦးကျော်ဝင်း(၇၉)နှစ်

ကုန်သည်

(မြေပုံမြို့)

ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊အမှတ်(၆)ရပ်ကွက်၊(၂၉)လမ်း၊အမှတ်(၅၆/၅၈)နေ ဒေါ်မဦးညို၏ ခင်ပွန်း၊ (ဒေါ်ဦးယာဉ်သာ)–ဦးကျော်ဖြူ၊ ဒေါ်ငွေခိုင်၊ ဒေါ်ရွှေနုခိုင်–ဦးကျော်ဇောအောင်၊ဒေါ်သိန်းနုခိုင်၊ ဦးသိန်းကျော်–ဒေါ်မေသန်းကြည်၊ ဦးသိန်းရွှေ–ဒေါ်ခင်နှင်းဝေ၊ကိုသန်းအောင်–မနီနီထွန်း၊ မထွေးထွေးခိုင်–ဗိုလ်ကြီးဇော်ဝင်းတို့၏ ဖခင်၊ မြေး၁၅ယောက်တို့၏အဘိုးရှင်သည် ၁၄–၂–၂၀၀၄ (စနေနေ့) ညနေ ၅း၅၀နာရီတွင်နေအိမ်၌ကွယ်လွန်ပါ၍ ၁၇–၂–၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ် ၅၆/၅၈နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ငွေရင် (၈၄)နှစ်

(ထောက်ကြန့်၊ ဖောင်ကြီး၊ မှော်ဘီ)

မှော်ဘီမြို့နေ (ဦးလွန်းပြေ–ဒေါ်မေခင်)၊ (ဦးဘိုးသုန်–ဒေါ်အုန်းရင်)တို့၏ သမီး၊ထောက်ကြန့်မြို့နေ (ဦးရင်လျှော်) ၏ ဇနီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနုလမ်း၊ အမှတ်(၂၀)၊ မြေညီထပ်၊ ဝဲဘက်ခန်း၊မြိတ်မြို့နေ ဒေါက်တာဦးစိန်သွယ်–ဒေါ်မြင့်မြင့်လေး၊ ထောက်ကြန့်မြို့နေ ဦးအုန်းလွင်–ဒေါ်လှစန်း(ငြိမ်းချမ်းဆေးဆိုင်)၊ ဦးဝင်းနိုင်–ဒေါ်ခင်အုန်းကြူ၊ ဒေါ်သန်းသန်းမော်(နေအထည်ချုပ်လုပ်ငန်း) တို့၏ မွေးသမိခင်၊ ဦးနေလင်းအောင် (အကောက်ခွန်မှူး)၊ ဒေါက်တာသီတာလေးသွယ်(ကထိက၊ သတ္တဗေဒဌာန၊ ရန်ကုန် တက္ကသိုလ်)၊ ကိုစောသန်းထိုက်–မခိုင်ဇာလွင် (မြသီတာ ကားပစ္စည်းရောင်းဝယ်ရေး)၊ မောင်ကျော်သက်လွင် (B.Sc Zoo)၊ မောင်ဖြိုးဝေလွင်(နောက်ဆုံးနှစ်၊ ဘူမိဗေဒ၊ ဒဂုံတက္ကသိုလ်)၊ မသင်းသန္တာဝင်း(နောက်ဆုံးနှစ်၊ ဓာတုဗေဒ၊ ဒဂုံတက္ကသိုလ်)၊ မဝင်းစန္ဒာလင်း(3rd MB IM II)တို့၏ အဘွားသည် ၁၆–၂–၂၀၀၄(တနင်္လာနေ့) နံနက် ၉း၅၅ နာရီတွင် စမ်းချောင်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၂–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (စမ်းချောင်းနေအိမ်မှကားများ နံနက်၁၁း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှလှမြိုင်

(Majorie Maurice)

အသက်(၈၄)နှစ်

B.A, D.T., B.Ed

အထက(၂)တာမွေ၊

အထက်တန်းပြဆရာမ(ငြိမ်း)

(ဦးအုံးကြည် – ဒေါ်စိန်ရင်)တို့၏ သမီးကြီး၊ ဒေါ်ခင်မာနွယ်–ဦးဉာဏ်လင်း (ညွှန်ချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဦးဇော်အောင်(မွေး/ရေ၊ငြိမ်း)– ဒေါ်ဖြူလာတို့၏ ချစ်လှစွာသောမိခင်၊ မောင်ကျော်စွာလင်း၊မမြတ်စန္ဒာလင်းတို့၏ ချစ်လှစွာသောအဘွား၊ (ဦးထွန်းရွှေ–ဒေါ်ခင်သန်းရွှေ)၊ Mr Bertie Maurice–Mrs Violet Mauriceတို့၏ ညီမ၊ ဦးအောင်သန်း–(ဒေါ်စန်းကြည်)၊ ဒေါ်တင်တင်လှ–(ဦးမင်းဆွေ)၊ဒေါ်သန်းတင်အေး–ဦးစိန်ချစ်၊ ဦးခင်အောင်–ဒေါ်ခင်မာနွယ်၊ ဦးမြင့်သန်း–ဒေါ်ခင်အေးလွင်တို့၏အစ်မသည် ၁၃–၂–၂၀၀၄ (သောကြာနေ့)တွင် အမှတ်(၄၁)၊အင်းဝလမ်း၊ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်၌ ကွယ်လွန်ပါ၍၁၇–၂–၂၀၀၄(အင်္ဂါနေ့) နံနက်၉း၃၀နာရီတွင် (၁၃၁)၊ ကျိုက္ကဆံလမ်း၊ စိန့်ဖရန့်စစ်ဘုရား ကျောင်းတွင် ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဗိုလ်မှူး R.Lua Kyin

(ငြိမ်း)

အသက်(၈၀)

Subedar Ya Suan နှင့် Daw Vung Ciang တို့၏ သားကြီး၊ Daw Pau Ngiak-U P. Ngin Za Thang, Daw Suang Ko Niang (U Ngo Cin), Daw Niang Ko Pau (U Suan Ngin Thang,), Daw Ngin Neam-Rev Max Vai Pum, U Suang Cin Khai-Daw Kam Thian Cing, U Lun Thawng-Daw Neam Pau, U Thian Cin Khai- Naw Wei Lii, U son Khup- Daw Hau Za Huai, Daw Niang Khan Dim-U khai Dal, U Tual Pum-Naw Mary Nepo, Daw Oai Khan Cing-U Hla Nyein တို့၏ အစ်ကိုကြီး၊ Daw Cing Khaw Neam-U Hang Zz Pum, U Suan Khan Khai-Daw Mang Khan Dim, Daw Ngo Khan Cing-U Pau Za Pum, Tg. Suan Za Pum, Tg. Kham Khan Nang Daw Ciang Za Uap-U Pum Sial တို့၏မွေးသဖခင်၊ (Daw Cing Pau)Daw Mang Ko Niang တို့၏ ချစ်လှစွာသောခင်ပွန်း၊ မြေး ၁၅ယောက်တို့၏ အဘိုးသည် ၁၅–၂–၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် Green Crossဆေးခန်းတွင်ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇–၂–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်နှင့် Full Gospel ဘုရားရှိခိုးကျောင်းမှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်တင် (၈၁)နှစ်

(မိတ္ထီလာ၊ လှည်းကူး)

မိတ္ထီလာမြို့နေ (ဦးဘိုးခင်–ဒေါ်ရွှေသောင်း)တို့၏သမီး၊(ဦးဖိုးစော–ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ (ရွှေပန်းထိမ်ဆရာဦးသိန်း)၏ ဇနီး၊ ဦးညွှန့်လှိုင် (တံတားအထူး–၁၃) – ဒေါ်ခင်မာချို၊ ဦးခင်မောင်ဇော် – ဒေါ်စိုးစိုးရွှေ (ဆည်မြောင်းရုံး၊ မိတ္ထီလာ)၊ ဦးမောင်မောင်အေး(ဆည်မြောင်း၊ မိတ္ထီလာ)–ဒေါ်ခင်လေးမြင့်(ကြေးနန်းရုံး၊ သာစည်)၊ ဦးဝင်းကိုကို–ဒေါ်တိုးတိုး၊ ဒေါ်ခင်စိုးစိုး (လှသိင်္ဂီစာပေ၊ လှည်းကူးမြို့မဈေး)၊ ဦးအောင်နိုင်(ခ)ကိုညို–ဒေါ်တင်တင်မော်တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွား၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားသည် ၁၅–၂–၂၀၀၄ရက်တွင် လှည်းကူးမြို့ သီတာအေးရပ်ကွက်၊ တိုးချဲ့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇–၂–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ လှည်းကူးမြို့မသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးသောင်းညွှန့် (၇၁)နှစ်

ကပရ(ငြိမ်း)

ရန်ကုန်မြို့၊ သာကေတမြို့နယ် (၉)ရပ်ကွက်၊ ဓမ္မရိပ်သာကျောင်း ဆရာတော်ဦးပဏ္ဍိဝ၏ ရဟန်းဒါယကာ၊ ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊မင်းရွာကျေးရွာနေ(ဦးစိန်ထွန်း–ဒေါ်ဖွားညွှန့်)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးလှဖေ)–ဒေါ်သန်း၊ ဒေါ်စော၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နေ ဦးလှငွေ–ဒေါ်သန်းရင်၊ ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ကျုံပါကျေးရွာနေ ဦးစံညို–ဒေါ်စိန်ငွေးမ၊ ရန်ကုန်မြို့နေ ဦးတင်ရွှေ–ဒေါ်တင်မြိုင်၊ (ဦးသန်းလွင်)–ဒေါ်ခင်မြင့်၊ ဦးလှမြင့်–ဒေါ်တင်နုတို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ ရှုခင်းသာမြို့ပတ်လမ်း၊အမှတ်(၁၀၂၅)နေဒေါ်ရင်ကြည်၏ခင်ပွန်း၊ မောင်အောင်သိန်း–မနန်းအောင်ပေါင်း၊ မောင်တင်ထွန်းဝင်း–မကေသွယ်၊ မောင်အောင်မြတ်ဦး – မသင်းသင်းစိုး၊ မောင်အောင်၊ မောင်ကျော်လင်း–မသီတာသန်းတို့၏မွေးသဖခင်၊မြေးလေးယောက်တို့၏ အဘိုးသည် ၁၆–၂–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၈–၂–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဘုန်းကျော်မျိုး (၃၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ အမှတ်(၂၉၈)၊ ကျိုက္ကဆံလမ်းနေဦးမျိုးဆွေ–ဒေါ်ခင်သိန်းတို့၏သား၊ ကိုတင်မောင်မြင့်–မမာမာဆွေ၊ကိုသိန်းထွဋ်–မမော်မော်ဆွေ၊ မဝါဝါဆွေတို့၏ မောင်၊ မမျိုးမျိုးမြင့်၏ ခင်ပွန်း၊ မယွန်းရွှေရည်ဦး၊ မကြယ်ဖြူစင်ဦး၊ သားသားလေးတို့၏ ဖခင်သည် ၁၆–၂–၂၀၀၄(တနင်္လာနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်ပါ၍ ၁၈–၂–၂၀၀၄ (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မရီရီလွင်(ခ)မမီးငယ်(၃၁)နှစ်

အောင်နီလာရတနာစတိုး

(မြိတ်)

မြိတ်မြို့၊မြစ်မရပ်ကွက်နေ (ဦးသောင်းလွင်–ဒေါ်ထွန်းရွှေ)၊(အောင်နီလာ ရတနာစတိုး)တို့၏ သမီး၊ ဦးမြင့်ဦး–ဒေါ်ခင်မာဝင်း၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်နေ ဒုအရာခံဗိုလ်သန်းလှိုင်–ဒေါ်သီသီလွင်၊ ဦးသန်းကို–ဒေါက်တာစီစီခိုင်၊ ဦးသန်းထိုက်–ဒေါ်မြင့်မာစန်းတို့၏ ညီမ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊တောင်လုံးပြန်ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂၉)နေ ဦးလှဝင်း–ဒေါ်တင်မြင့်တို့၏ သမီးချွေးမ၊ ဗိုလ်ကြီးနိုင်ဝင်း(ငြိမ်း)၏ ဇနီးသည် ၁၅–၂–၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် အာရုတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၇–၂–၂၀၀၄ (အင်္ဂါနေ့)မွန်းလွဲ၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ [မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊အမှတ်(၂၉)နေအိမ်မှ ကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊၊ သိမ်၊ ကျောင်း၊၊ ကန်ဒါယကာကြီး

ဦးကျော်ဝင်း (၇၉)နှစ်

(မြေပုံ)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ (၂၉)လမ်း၊ (၅၆/၅၈)နေ ဒေါ်မဦးညို၏ ခင်ပွန်း၊ မသန်းသန်းဦး၊ မောင်ကျော်သန်း၊ မောင်ကျော်သူလင်း၊ မခိုင်ဇင်ဝင်း၊ မဖြူဖြူကျော်၊ မသွယ်ဇင်ထိုက်၊ မောင်စည်သူကျော်ဇော၊ မယဉ်ယဉ်ကျော်၊ မောင်ဦးဆန်းအောင်၊ မောင်ကျော်ရင်၊ မချမ်းမြတ်ခိုင်၊ မောင်အောင်ကောင်းမြတ်၊ မောင်သူရိန်ကျော်ဇော၊မဆုပြည့်စုံ၊ မောင်ကောင်းပြည့်ကျော်တို့၏အဘိုးရှင်သည် ၁၄–၂–၂၀၀၄ (စနေနေ့)ညနေ၅း၅၀နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၁၇–၂–၂၀၀၄ (အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် အမှတ်(၅၆ / ၅၈) နေအိမ်မှထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နှင်း(၇၈)နှစ်

(ရွှေကျင်)

ရွှေကျင်မြို့နေ (ဦးချိန်–ဒေါ်ထွေး)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်(၁၄၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ (ဦးတင်လှ)၏ ဇနီး၊ မြောင်းမြမြို့နေ (ဦးရွှေဇင်)–ဒေါ်စန်းစန်းမြင့်၊ ဒဂုံမြို့သစ် တောင်ပိုင်းနေ(ဦးကျော်လှ) – ဒေါ်ခင်သန်းတို့၏ အစ်မ၊ ဦးအေးမြင့်(ဗိုလ်တထောင်သတင်းစာတိုက်)– ဒေါ်အေးအေးမာ၊ (ဦးလှမြင့်)၊ ဦးဝင်းမြင့် (သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ရုံးချုပ်)–ဒေါ်ခင်စန်းဟန်(နယူးလိုက်အော့ဖ်မြန်မာ)၊ဒေါ်သန်းသန်းဌေး၊ ဦးရွှေထွန်း–ဒေါ်တင်တင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၆–၂–၂၀၀၄(တနင်္လာနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၂–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြသင် (၆၈)နှစ်

(ဝေဘာဂီမြို့သစ်)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၅)ရပ်ကွက်၊ အမှတ်(၂၅၃)၊ သီတာလမ်းနေ (ဦးစိန်မြိုင်–ဒေါ်တင်မြ)တို့၏ သမီးကြီး၊ ဦးစိန်အေး–ဒေါ်ခင်ညွန့်ဝေ၊ဦးဝင်းမော်၊ (ဦးမင်းအောင်)၊ ဒေါ်ရင်နု၊ (ဦးသန်းဌေး) တို့၏ အစ်မကြီး၊ ဦးဘခင်(ရမ်းဗြဲမြို့၊ လေးတောင်ရွာဟောင်းရွာ၊ စစ်မှုထမ်းဟောင်း၊ ငြိမ်း)၏ ဇနီး၊ မောင်နိုင်ဝင်း (မြန်မာ့မီးရထား)၊ (ဒေါ်သန်းသန်းဆွေ)၊ ဦးမောင်မောင် –(ဒေါ်ခင်မိုးကြူ)၊ ဦးအောင်ရဲမြင့်(လမ်းအထူး–၇) ဒေါ်မိမိခိုင်တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၅–၂–၂၀၀၄ ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၇–၂–၂၀၀၄(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးနိုင်ဝင်း(၅၃)နှစ်

စာပေဗိမာန် (ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပ၊ ၁၃–ရပ်ကွက်၊ ကောလိယလမ်း(၂၀)၊ အမှတ်(၄၃၃)နေ(ဦးလှရွှေ–ဒေါ်သန်းမြင့်)တို့၏ သား၊ (ဦးမောင်စိန်–ဒေါ်သန်း)တို့၏ သမက်၊ဒေါ်တင်နု(မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း)၏ တူ၊ ဒေါ်သန္တာမြင့်(လျှပ်စစ်ဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံးချုပ်)၏ ခင်ပွန်း၊ ဒေါ်ခင်ကြွယ် (မြန်မာ့ရုပ်ရှင်လုပ်ငန်း)၏ အစ်ကို၊ မမိုးပပနိုင် (M.Sc 2nd Year Second Semester)၊ မောင်မင်းဇော်နိုင်–မအေးမိစံ၊ မငြိမ်းငြိမ်းစံ (Inter Aisa Lines)၊ မောင်ဘုန်းနိုင်၊ မမိုမိုနိုင်တို့၏ ဖခင်၊ မဖြူဖြူသန့်၏ အဘိုးဦးနိုင်ဝင်းသည် ၁၅–၂–၂၀၀၄ရက် နံနက် ၇း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၁၇–၂–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မတင်တင်မြ(၃၉)နှစ်

(ရန်ကုန်)

အမရပူရမြို့နေ ဦးမင်းနွယ် (ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး၊ငြိမ်း)–(ဒေါ်ဝင်းဝင်းကြည်)၏ သမီး၊ မသန်းသန်းမြင့်၏ ညီမ၊ ကိုစန်းယု(မြန်မာ့အလင်း၊ ကြေးမုံ ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေး)၊ မဇာဇာမင်း၊ မောင်ဘိုဘိုမင်းတို့၏ အစ်မ၊ ရန်ကုန်မြို့၊ ရှစ်မိုင်ခွဲ၊ ရွှေနှင်းဆီ(၁)လမ်း၊ အမှတ်(၆၆၆)နေ မတင်တင်မြသည် ၁၂–၂–၂၀၀၄(ကြာသပတေးနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃–၂–၂၀၀၄(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသ(ရေစကြို/မြိုင်)

သိက္ခာတော်(၆၉)ဝါ၊ သက်တော်(၈၉)နှစ်

မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ နိပဆေးတော၊ ပြည်တော်အေး၊ အောင်ချမ်းသာရွာ၊ ဆုတောင်းပြည့်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဘဒ္ဒန္တစန္ဒောဘာသ သက်တော်ရှည်ဆရာတော်ကြီးသည် (၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၇ရက်)၊ ၂၉–၁၂–၂၀၀၃ရက် ည ၁၂း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁၊ ၁၂ ရက်)၊ (၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆၊ ၁၇ရက်)များတွင် အန္တိမဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် တပည့်ဒါယကာဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊ ရေစကြိုမြို့နယ်၊ နိပဆေးတောရွာနှင့် မြိုင်မြို့နယ်၊ပြည်တော်အေးရွာ၊အောင်ချမ်းသာရွာ။

ဘဒ္ဒန္တ အာစရ(ခ)ဦးအေးမော်

သိက္ခာတော်(၁၁)ဝါ

သက်တော်(၇၂)နှစ်

စား/ထွေကုန်သွယ်ရေး(ငြိမ်း)

ကျိုက္ကမော့လေးတောင်ပေါ်ဘုရားကျောင်း

မွန်ပြည်နယ်၊ မုဒုံမြို့.

ရန်ကုန်မြို့၊ ကန်တော်ကလေး၊ အမှတ်(၁၃)၊ အထက်မန္တလေး(၂) လမ်းနေ ဒေါ်စန်းစန်းနု(ဌာနခွဲမှူး၊ ငြိမ်း၊ အခြေခံပညာ၊ ဒါယိကာမ)၊ ကိုစိုးသန့်၊ ကိုကျော်မိုးသန်း – မသင်းသင်းမော်၊ ကိုဌေးအောင်တို့၏ခမည်းတော်၊ ဦးဟန်ဌေး(လ/ထညွှန်မှူး၊ငြိမ်း၊ သာသနာရေး)–(ဒေါ်သန်းကြည်)၏ ညီ၊ ဒေါက်တာကျော်ဝင်း(ညွှန်ချုပ်၊ ငြိမ်း၊ ကျန်းမာရေး၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း)–ဒေါ်မြမြဝင်း၊ ဒေါ်မိမိခင်၊ ဗိုလ်ကြီးမြင့်ဟန်(ငြိမ်း)–ဒေါ်လှကြည်(ထက်အုပ်၊ ငြိမ်း)၊ ဒေါ်ခင်မျိုးစစ်၊ ဦးသိန်းအောင်–ဒေါ်ခင်စန်းရီ(ကုန်သွယ်ရေး၊ ငြိမ်း)တို့၏ အစ်ကို၊ မင်းဘုန်းပြည့်၏ အဘိုးသည် ၁၃၆၅–ခု တပို့တွဲလပြည့်ကျော် ၁၁ရက်၊ ၁၆–၂–၂၀၀၄(တနင်္လာနေ့) နံနက်၃း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၈–၂–၂၀၀၄ (ဗုဒ္ဓဟူးနေ့)မွန်းလွဲ၁နာရီတွင် ကျိုက္ကမော့လေး တောင်ပေါ်ဘုရား ကျောင်းတွင် ဂူသွင်းသဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ကျောင်း၊တန်ဆောင်းဒါယကာ

ဦးပျော့(ခ)ဦးထွန်းရှိန်

အသက်(၈၀)

(စီးဖြူကုန်း)

ရန်ကုန်မြို့၊တိုက်(၁၅)၊ အခန်း၂/၃၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်သန်းမြ၏ခင်ပွန်း၊ မစန်းစန်းရီ၊ မအေးဝမ်းရည်၊ (သျှန်ဒီကို)–ကိုကျော်ဝင်း၊ ကိုအုန်းမြင့်–မအေးအေး(မီချီကို)၊ မစန်းစန်းနု–ကိုအောင်ဆန်းဦး၊ မချိုချို(အကောင်းဆုံး)–ကိုနိုင်စိန်ထွန်း၊ ကိုဇော်မင်းနိုင်–မလှိုင်လှိုင်ဦး၊ မကြည်ဝေလွင်(ဟွာမီကို)–ကိုအောင်ကျော်လင်း၊ မနှင်းသီတာလွင်–ကိုဝင်းသန်း(စွဲစတိုး)တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၅–၂–၂၀၀၄ရက် နံနက်၁း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇–၂–၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၁နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း အမ

မရီရီလွင်(ခ)မမီးငယ်(၃၁)နှစ်

အောင်နီလာရတနာစတိုး

(မြိတ်)

မြိတ်မြို့၊ မြစ်မရပ်နေ (ဦးသောင်းလွင်–ဒေါ်ထွန်းရွှေ)(အောင်နီလာရတနာစတိုး)တို့၏ သမီး၊ ဦးမြင့်ဦး–ဒေါ်ခင်မာဝင်း၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းနေ ဒုအရာခံဗိုလ်သန်းလှိုင်–ဒေါ်သီသီလွင်၊ ဦးသန်းကို–ဒေါက်တာဝင်းစီစီခိုင်၊ ဦးသန်းထိုက်–ဒေါ်မြင့်မာစန်းတို့၏ညီမ၊ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂၉)နေ ဦးလှဝင်း–ဒေါ်တင်မြင့်တို့၏ သမီးချွေးမ၊ ဗိုလ်ကြီးနိုင်ဝင်း(ငြိမ်း)၏ ဇနီးသည် ၁၅–၂–၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် အာရုတော်ဝင်ဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၇–၂–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊တောင်လုံးပြန်ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂၉) နှင့် ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းမှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

အွန်ချင်တီ(ခ)ဒေါ်ဆင်

အသက်(၉၀)

(မြိတ်)

မြိတ်မြို့၊ တလိုင်းစုရပ်၊အမှတ်(၂၁)နေ (ဦးရွှေနီ)၏ ဇနီး၊ (ဦးရောင်အင်–ဒေါ်ကြတ်)၊(ဦးရွှေစူး)–ဒေါ်ပိန်၊ဦးယူဟုတ်–(ဒေါ်ရှယ်)တို့၏ညီမ၊(ဦးမောင်မောင် – ဒေါ်စိန်ဟိုး)၊ ဦးဂေါ်ဟုတ်–ဒေါ်ချင်ရှင်၊ ဦးယုစိုက်–(ဒေါ်ရှုတင်)၊ ဦးချောက်ချက်–ဒေါ်ကြည်၊ ဦးဟင်ထိုင်–ဒေါ်ချိုင်ဟွန်းတို့၏ အစ်မ၊ ကိုမျိုးအောင်–မစန်းအိ၊ ကိုစိုးလွင်–မချိုချိုဝင်း၊ ကိုကျော်စိုး–မလှကြူ၊ ကိုစန်းဝင်း–မစန်းစန်းဝေ၊ကိုစိုးသိန်း–မချိုချိုမြင့်၊ မမြမြဝင်းတို့၏မိခင်၊ မြေး၁၆ယောက်တို့၏ အဘွားသည် ၁၃–၂–၂၀၀၄ (သောကြာနေ့)ညနေ ၄နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇–၂–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် မြိတ်မြို့၊ သပြေပင်တရုတ်သချိုင်းသို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းကြည်(၇၂)နှစ်

(မြောင်းမြ)

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၁၁)ရပ်ကွက်၊ စပယ်ခြံ(၂)လမ်း၊ အမှတ်(၅၇)နေ ဦးငွေသိန်း(အကောက်ခွန်ဦးစီးအရာရှိဟောင်း)၏ဇနီး၊ ဗိုလ်မှူးလှထွန်းသိန်း၊ ဒေါ်သီဂီသိန်း၊ဒေါ်မိမိသိန်း(ဦးစီးအရာရှိ၊အိုးအိမ်ဦးစီးဌာန)၊ ဒုတကညီညီသိန်း(တပ်မတော်–ရေ၊ ငြိမ်း)တို့၏မိခင်၊ မြေး၁၀ယောက်တို့၏ အဘွားသည် ၁၅–၂–၂၀၀၄(တနင်္ဂနွေနေ့) ည ၁၀း၀၅နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၇–၂–၂၀၀၄(အင်္ဂါနေ့)မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းကြည်(၇၂)နှစ်

(မြောင်းမြ)

မြောင်းမြမြို့နေ(ဦးထွန်းအေး–ဒေါ်နယ်လီ)တို့၏ ဒုတိယသမီး၊ ဒေါ်သန်းရီအေး (ဦးခင်စိုး)၏ညီမ၊ ဒေါ်ခင်မေ–ဦးကျော်ဝင်း၊ဒေါ်ပရီစေးလာအေး၊(သမားတော်ကြီးဒေါက်တာဦးဖေဝင်း)၊ ဒေါ်ခင်ခင်အေး–ဦးမန်းသန်းကြည်၊ ဒေါ်ညိုညိုအေး–ဦးအက်ဒဝပ်၊ (ဒေါ်အေးမိစံ)–ဦးပီတာလှမြင့်တို့၏ အစ်မ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁၁)ရပ်ကွက်၊ စပယ်ခြံ(၂) လမ်း၊ အမှတ်(၅၇)နေ ဗိုလ်မှူးလှထွန်းသိန်း၊ဒေါ်သီဂီသိန်း၊ ဒေါ်မိမိသိန်း (ဦးစီးအရာရှိ–အိုးအိမ်ဦးစီးဌာန)၊ ဒုတကညီညီသိန်း(တပ်မတော်–ရေ၊ ငြိမ်း) တို့၏မိခင်၊မြေး၁၀ယောက်တို့၏ အဘွားသည် ၁၅–၂–၂၀၀၄(တနင်္ဂနွေနေ့) ည ၁၀း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၇–၂–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကိုကိုနိုင် အသက်(၄၀)

(လောင်းလုံ)

တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့၊ (ခ)ရပ်ကွက်နေ (ဦးနှင်းရွှေ–ဒေါ်တင်သိန်း)တို့၏သားကြီး၊ ဦးလှအင်–ဒေါ်ခင်ကြည်၊ ဦးအောင်နိုင်–ဒေါ်စန်းစန်းဝင်းတို့၏ တူ၊ ရန်ကုန်မြို့၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၁၀)၊ အခန်း(၄၈)နေ (ဦးညီညီအောင်)–ဒေါ်ခင်ခင်ထား၊ မစပယ်၊ မဝါဝါဆက်၊ မောင်ဝဏ္ဏဇော်၊ မောင်ငြိမ်းကျော်သူ၊ မောင်ရဝေဇင်တို့၏ အစ်ကိုကြီးသည်၁၅–၂–၂၀၀၄ (တနင်္ဂနွေနေ့) နံနက်၂နာရီတွင် ကွယ်လွန်ပါ၍ ၁၉–၂–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ပန်းလှိုင်နေအိမ်မှ ကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် အတွင်းရေးမှူးများ၊ အမျိုးသားညီလာခံကျင်းပရေး **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❀

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသား ညီလာခံ ကျင်းပရေး ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဘိုကလေးမြို့နယ် မိန်းမလှကျွန်း ဘေးမဲ့တောနှင့် ဖြိုးမွေးကျွန်း ဒီရေတောဥယျာဉ် လှည့်လည်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဖေဖော်ဝါရီ ၁၄ရက် နံနက် ၇နာရီခွဲတွင် ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားခြင်းအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မိန်းမလှကျွန်းတွင် ရေချိုရေငန်စပ် မိကျောင်း (Crocodylus Porosus)အား ထိန်းသိမ်းစောင့်ရှောက် မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဌေးက ဘိုကလေးမြို့နယ်၏ တည်နေရာ၊ အကျယ်အဝန်းနှင့် စီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❐

နိုင်ငံတော်မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး မီဒီယာနည်းဖြင့် စည်းရုံး ပြည်တွင်းသာမက ပြည်ပသို့ပါ မီဒီယာထိုးဖောက်နိုင်အောင် ဆောင်ရွက်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ စတူဒီယို(အေ)ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက် အမှာစကားပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဝန်ထမ်းထူးချွန်ဆု ရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍